မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၀၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ ဝန်ကြီးချုပ်များနှင့် နိုင်ငံခြားရေးဝန်ကြီးများက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီးပေးပို့ခဲ့ကြသည်။

ထိုင်းနိုင်ငံ

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ထိုင်းနိုင်ငံဘုရင် ဘူမိဘော အဒူလျာဒက်ဂျ်ထံမှ သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၅ ကော်လံ ၁ ❐

သိပ္ပံနှင့်နည်းပညာတိုးတက်လာမှုအရ အနာဂတ်ကာလ၌ ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို အမျိုးသားရေးအသိအမြင် နိုးကြားထက်သန်စွာဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ရေး စီမံကိန်းများချမှတ်ပြီး မျိုးဆက်သစ်လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိ

၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

ပညာရေးဝန်ကြီးဌာန ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက နေပြည်တော် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်၍ ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပညာရေးစေတနာရှင်များ၊ အခြေခံပညာကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ မိဘ ဆရာ အသင်းဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများနှင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်တို့မှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ဒသမတန်း ဘက်စုံပညာထူးချွန်ဆုရရှိသော ဖလမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဘွဲ့ကျင်လျန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ငမင်းဆွေ - မှန်လှပါ၊ ကျွန်တော်ရေးမယ့် သတင်းခေါင်းစဉ်ကတော့ "ညီညွတ်ကြလျှင် ချမ်းသာမည်၊ ရန်ဖြစ်နေလျှင် ဆင်းရဲမည်" ဖြစ်ကြောင်းပါ။

ငရဲမင်း - ကောင်းလေစွ၊ ကောင်းလေစွ။ ဒါဆို အဲဒီသတင်းကို မင်းတို့လူ့ပြည်မှာ မင်းပြန်ရေးပေတော့။ အခြားသတင်းသမားတွေကိုလဲ ရေးခိုင်း။ မင်းတို့သတင်းသမားဆိုတဲ့ လူတွေ ဘက်ကလဲ "ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ" သတင်းတွေနဲ့ လူ့ပြည်ကိုချောက်မချဖို့ ငါ မှာလိုက်တယ်လို့ပြော၊ သတင်းသမားဆိုသူတွေ "သတင်းပါရာဇိကံ" ကျလို့ ငရဲပြည်ရောက်လာရင် မလွယ်ဘူးနော်။

ငါးမင်းဆွေ၏ ငရဲမင်းနှင့် ငမင်းဆွေ ဆောင်းပါး (စာ- ၁၀)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

အကျိုးအမြတ်များ ထူးခြားစွာရရှိမည့် စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်တွေ့ရှိ

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ အရင်းအမြစ်များ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ ပထဝီအနေအထားအရ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ ထွက်ပေါ်လျက်ရှိရာ ရေနံနှင့် သဘာဝဓာတ်ငွေ့သည်လည်း နိုင်ငံ့စီးပွားအတွက် အားထားရမည့် သဘာဝအရင်းအမြစ်တစ်ခု ဖြစ်သည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် တူးဖော်ရှာဖွေထုတ်လုပ်ရာတွင် လူအင်အား၊ စက်အင်အားများ အသုံးပြုပြီး ရှာဖွေလျက်ရှိသည့်နည်းတူ ပြည်ပကုမ္ပဏီများဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် စာချုပ်များချုပ်ဆို၍ ကမ်းလွန်နှင့် ကုန်းတွင်းပိုင်းတို့တွင် ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၃ရက်က မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် **M-9** ရှိ ရှာဖွေရေးတွင်းအမှတ် ဇော်တိက-၁(က)တွင် သဘာဝဓာတ်ငွေ့ ၂ဒသမ ၅ ထရီလီယံ ကုဗပေခန့် ခိုအောင်းနိုင်ကြောင်း စမ်းသပ်တွေ့ရှိရသည်။

M-9 လုပ်ကွက်အတွင်း သဘာဝဓာတ်ငွေ့ ၈ ထရီလီယံ ကုဗပေနှင့် အထက် ခိုအောင်းနိုင်မည့် အလားအလာကောင်းများ ရှိနေကြောင်း ခန့်မှန်းတွက်ချက်ထားသည်။

ဇော်တိက-၁(က)သည် ရတနာစီမံကိန်း၊ ရဲတံခွန်စီမံကိန်းနှင့် ရခိုင်ကမ်းလွန် ရွှေသဘာဝဓာတ်ငွေ့သိုက် တို့ကဲ့သို့ နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝ ဓာတ်ငွေ့ သိုက်ကြီး တစ်ခုထပ်မံပေါ်ထွန်းလာခြင်း ဖြစ်သည်။

စီးပွားဖြစ်သဘာဝဓာတ်ငွေ့သိုက် ရှာဖွေတွေ့ရှိမှုကြောင့် နိုင်ငံတော်အတွက် အကျိုးအမြတ်များ ထူးခြားစွာရရှိလာမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝ သယံဇာတများကို အကျိုးရှိရှိ ထုတ်ယူသုံးစွဲ၍ လိုအပ်သောအရင်းအနှီးနှင့် လူသားအရင်းအမြစ်များ ရရှိတိုးပွားလာအောင် စီမံဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိများ အထူးမွမ်းမံသင်တန်းဖွင့် ပြည်ထဲရေးဝန်ကြီးဗိုလ်ချုပ်မောင်ဦး အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၈

မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၆ရက် နံနက် ၉နာရီက ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပတ္တမြားခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်း၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဗဟိုဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်)ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ အရာရှိ သင်တန်းသား သင်တန်းသူ စုစုပေါင်း၂၃၄ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည် ဖြစ်သည်။ **(သတင်းစဉ်)**

ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ဓမ္မပါလသပြေဓမ္မဗိမာန် ပြန်လည်တည်ဆောက်နိုင်ရေး အလှူတော်ငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၈

အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်နိကာယဥပဥက္ကဋ္ဌ ကျမ်းပြုအကျော် သပြေကန် ဆရာတော်ကြီး သီတင်းသုံးနေထိုင် သာသနာပြုတော်မူခဲ့သော ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ဓမ္မပါလသပြေ ဓမ္မဗိမာန်တော်ကြီး ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားကို နမောတသ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာ

နာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အောင်မြေဘုံစံ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက် တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော် မူကြပြီး ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် သူရအောင်ကို အမှူးပြုသော ပရိသတ်များက ဆရာတော် သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဂုဏ်ပြုလွှာပြန်လည်ပေးအပ်

ယင်းနောက် ဓမ္မပါလ သပြေ ဓမ္မဗိမာန်တော်ကြီး တည်ဆောက်ရန် အလှူတော်ငွေပေးအပ်ပွဲကို ကျင်းပရာ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရ အောင်ကိုနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရွှေကျင်ကျောင်းတိုက် သာသနပါလက ဥက္ကဋ္ဌနှင့် သာသနပါလက အဖွဲ့ဝင်များက အလှူရှင်များ၏ လှူဒါန်းငွေများကို အသီးသီးလက်ခံယူကြပြီး အလှူရှင်များအား အနုမောဒနာ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြသည်။ **(ဝဲပုံ)**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိက အနုမောဒနာတရားနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကိတ္တိက ရေစက်ချတရားတော်တို့ကို ဟောကြားချီးမြှင့်တော်မူ ကြရာ ပရိသတ်များကနာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၉-၁-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	ပညာခေတ်
၅:၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်"** (အပိုင်း-၁၁)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့တက်လူ"** (အပိုင်း-၃၃)

ဆုချီးမြှင့်

ဇန်နဝါရီ ၃ ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် (၁၇)ကြိမ်မြောက် သားကောင်း မိခင်ပြိုင်ပွဲနှင့် ကလေးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို အသင်းရုံး၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာ ဝေက အမြွှာပူးပြိုင်ပွဲတွင် ဆုရသူအား ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ဗြိတိသျှသံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ရန်ကုန်မြို့ရှိ ဗြိတိသျှသံအမတ်ကြီး Mr. Mark Canning သည် ဇန်နဝါရီ ၅ ရက်က နေပြည်တော်ရှိ ရုံးအမှတ် ၂၃ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ ဂါရဝပြုသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီနှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားကိုးကွယ်မည့် ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် အလှူတော်ငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၈

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သြဝါဒါစရိယအဖြစ် ဆောင်ရွက်ပေးနေတော်မူသော ကမ္ဘာ့ဝိပဿနာတရားပြ ဆရာကြီးဦးဂိုအင်ကာ ဦးဆောင်၍ အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားကိုးကွယ်မည့် ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် မြန်မာနိုင်ငံမှ အလှူရှင်များ၏ သတ္တမအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိ ဝိပဿနာရိပ်သာ ဓမ္မခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို တက်ရောက် အမှာစကားပြောကြားပြီး အလှူငွေများကို လက်ခံသည်။

ရှေးဦးစွာ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်က ကမ္ဘာ့ဝိပဿနာစေတီ တည်ထားကိုးကွယ်မည့် အစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက အမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဦးမောင်ရွှေ-ဒေါ်နီနီရွှေ(ဗန္ဓုလမြန်မာကုမ္ပဏီလီမိတက်)က အမေရိကန်ဒေါ်လာ ၆၅၆၆၊ ကွယ်လွန်သူမိဘများအားအမှူးထား၍ ဒေါ်အေးတင်မိသားစု (ပျော်ဘွယ်ကြီးရွာ၊ ဒလ)က ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ စိန်နားကပ်တစ်ရန်၊ ဦးစန်းဝင်း-ဒေါ်တင်တင်ရီ မိသားစု Nice ရေသန့်လုပ်ငန်း ပျဉ်းမနားမြို့က ငွေကျပ် ၂၅ သိန်း၊ ဦးစိုးမြင့်-ဒေါ်ကျင်တီ အရှေ့ကုန်းလမ်း စမ်းချောင်းက ၁၅၄၀၇၀၂ ကျပ်တန်ဖိုးရှိ ရွှေထည်များ၊ ဦးအုန်းမြင့်-ဒေါ်ခင်မေသန်းက ငွေကျပ်ငါးသိန်းနှင့် ငွေကျပ် ၈၇၇၅၀၀ တန်ဖိုးရှိ ရွှေထည်များ၊ ဒေါ်စွမ်မိနီ သား ဒေါက်တာစိုးမြင့် (အရှေ့ကုန်းလမ်း၊စမ်းချောင်း)က ငွေ ၁၀၇၉၆၈၆ ကျပ် တန်ဖိုးရှိ ရွှေထည်များ၊ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးကျော်စန်းဝင်း-ဒေါ်ခင်မြသိန်း မိသားစု (ယောဂီကျောင်းလမ်း၊ လှိုင်)က ငွေကျပ် ၁၁၆၀၀၀၀၊ မိဘများအားရည်စူး၍ ဒေါ်စန်းရီ(ကျိုက်လတ်လမ်း၊စမ်းချောင်း)က ငွေကျပ် ၁၀ သိန်း၊ ဦးကျော်ဝင်း-ဒေါက်တာ တင်တင်လှ (မေခအိမ်ရာ၊ သံလွင်လမ်း၊ သဃ်န်းကျွန်း)က ငွေကျပ်ရှစ်သိန်းနှင့် FEC ၁၀၀၊ ဦးအောင်ဆွေသိန်း-ဒေါ်ယဉ်ယဉ်ကြွယ်(ဖဆပလ၊မင်္ဂလာတောင်ညွန့်)က ငွေကျပ် ၂၅၀၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၂၀၀၊ ဦးမောင်မောင်ဟိန်းနှင့် မောင်နှမတစ်စု၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးဘခန့်၊ ဒေါ်ခင်သန်းနှင့် သားသမီးမြေးတစ်စု၊ ဦးသန့်စင်စိုး-ဒေါ်သန်းချိုနွယ် မိသားစု၊ ဒေါ်ကျင်၊ ဒေါ်ဗိုလ် မိသားစုနှင့် ဦးမောင်မောင်မြင့်-ဒေါ်ချိုချို သားသမီးမြေးတစ်စုတို့က ငွေကျပ်ငါးသိန်းစီအပါအဝင် အလှူရှင်များက ငွေကျပ် ၃၃၁၂၇၄၃၀၊ အမေရိကန်ဒေါ်လာ ၈၀၅၁၊ FEC ၁၃၀၊ ရင်းဂစ် ၄၁၆ နှင့် ရူပီး ၅၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ လှူဒါန်းမှု ကုသိုလ်ကောင်းမှုအစုစုကိုအမျှပေးဝေ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုထံ အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားကိုးကွယ်မည့် ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ကိုးဘွဲ့ရ ဆရာတော် ဇန်နဝါရီလ ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၈

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက် သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဇန်နဝါရီ ၁၀ရက်နှင့် ၁၁ ရက်တို့တွင် မော်လမြိုင်မြို့ အားကစားကွင်းကြီးအတွင်း ထေရဝါဒ အထူးတရားပွဲ၊ ၁၂ ရက် ညနေ၄ နာရီတွင် ညောင်လေးပင်မြို့ပေါ် ကလေးလူငယ် ယဉ်ကျေးလိမ္မာ အထူးတရားပွဲနှင့် ည ၈ နာရီတွင် မနောသုခရွှေဆိုင်ပိုင်ရှင် ဒေါ်အေးမင်း မွေးနေ့အလှူပွဲ၊ ၁၃ ရက်တွင် ပန်းတနော်မြို့ မြတောင်စာသင်တိုက်အထူးပွဲ၊ ၁၄ ရက် ညနေဆည်းဆာတွင် သာကေတမြို့နယ် ၃ ရပ်ကွက် ရန်ပြေ မာဃဓမ္မာရုံ သီတဂူ အထူးတရားပွဲ၊ ည ၈ နာရီတွင် ဗိုလ်တထောင်မြို့နယ် ၄၆ လမ်း အထူးပွဲ၊ ၁၅ ရက်တွင် မုံရွာမြို့နယ် မင်းရွာ ကိုအောင်စိုး ရဟန်းခံရှင်ပြုပွဲ၊ ၁၆ ရက် ညနေ ၄ နာရီတွင် မုံရွာမြို့ ရွှေစည်းခုံဘုရားရင်ပြင်တော် ကလေး တရားပွဲနှင့် ည ၈ နာရီတွင် သန့်ရှင်းရေးလူငယ်အဖွဲ့ အထူးပွဲ၊ ၁၇ ရက် ညနေဆည်းဆာတွင် မန္တလေးမြို့ အိုးဘိုရပ်ဓမ္မာရုံပွဲ၊ ည ၈ နာရီတွင် မန္တလေးမြို့ မြင်းခြံရပ်ဓမ္မာရုံ ညပွဲ၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မကွေးတိုင်း မင်းဘူးမြို့ ဗြဟ္မစိုရ် နာရေးကူညီမှုအသင်း ညနေ ကလေးတရားပွဲနှင့် ည နာရေးအထူးပွဲ၊ ၂၀ ရက် ညနေ ၄ နာရီတွင် ရန်ကုန် တာမွေ ကျောက်မြောင်း အရှေ့ရပ်ကွက် မြို့သစ်(၁)လမ်း ညနေကလေး အထူးတရားပွဲ၊ ည ၆နာရီတွင် ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် အားကစားကွင်းအတွင်း သီတဂူ အထူးဓမ္မသဘင်၊ ည ၈နာရီတွင် တာမွေ ကျောက်မြောင်း အရှေ့မြို့သစ် (၁)လမ်း အထူးပွဲတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး တရားပွဲရက် ရရှိပြီးသူများသည် ဆရာတော် ဖုန်း- ၀၉၂၁-၃၀၈၈၅၊ ၀၁-၇၀၈၄၀၃ တို့သို့ ကြိုတင်ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၅ ရပ်ကွက် ပင်လုံလမ်းမကြီး အမှတ် ၁၁၅၄ နေ ဦးတင်ဝင်း-ဒေါ်ခင်ကြူ မိသားစုတို့က ဆေးပဒေသာပင်နှင့် သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လုပ်ငန်းစွမ်းရည်ထက်မြက်ရေး အလေးထားဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်း အနော်ရထာခန်းမ၌ ကျောင်းတာဝန်ခံအရာရှိများ၊ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ သင်တန်းသားများ၊ တပ်မတော်နေ့စစ်ကြောင်းတွင် ပါဝင်ချီတက်မည့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံပြီး စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ စည်းကမ်းကောင်းမွန်ရေး၊ တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းရည်ထက်မြက်စေရေးနှင့် ကျန်းမာရေးတို့ကို အလေးထားကြရေး မှာကြားပြီး တပ်ဖွဲ့ဝင်များ၏ စားရိပ်သာနှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲ လင်းခေး၌ဆင်နွှဲ

ရန်ကုန် ဇန်နဝါရီ ၈

လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်း၍ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် နံနက် ၅ နာရီခွဲက ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲကျင်းပရာ လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ ရပ်ကွက် ရှစ်ရပ်ကွက်မှ မြို့မိ မြို့ဖများနှင့် ပြည်သူလူထုအင်အား စုစုပေါင်း နှစ်ထောင်ခန့်တို့ စုပေါင်း၍ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

အဆိုပါ လူထုလမ်းလျှောက်ပွဲလှုပ်ရှားမှုကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ စတင်ပြီး ရက်သတ္တပတ် တစ်ပတ်လျှင် တစ်ကြိမ်ဖြင့် ဒီဇင်ဘာလကုန်အထိ တစ်ခဲနက်ကျင်းပခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၂/၂၀၀၆)သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ Government on Line System ကို မဏ္ဍိုင်ပြု၍ e-Registration, e-Entrance, on Line D-Form and Visa Project; အတွက် Myanmar Unicode အသုံးပြုသည့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၂/၂၀၀၆) သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဝန်ကြီးဌာနနှစ်ခုရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းတာဝန်ခံများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရ လ/ထ လဝကမှူး ဇော်ဝင်းနိုင်၊ ဒုတိယဆုရ အငယ်တန်းစာရေး အောင်လှိုင်ဌေးတို့အား ဆုချီးမြှင့်၍ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ ရက်သတ္တ ရှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စမ်းချောင်းလမ်း ၁၀ ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၈

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ် ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြ ဆရာ ဦးကျော်နိုင်ထွန်းက ဇန်နဝါရီ ၁၅ ရက်မှ ၂၄ ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ ဒုတိယလွှာတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ နေ့စဉ် ဓမ္မဒါန ပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။

(က-ပ)

သရုပ်ပြလေ့ကျင့်

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မီးသတ်တပ်ဖွဲ့ဝင်များ ကယ်ဆယ်ရေးလုပ်ငန်းများ ဓာတ်တိုက်လေ့ကျင့်နေကြသည်ကို ဇန်နဝါရီ၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယနိုင်ငံထုတ် မောင်းသူမဲ့လေယာဉ် အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့

နယူးဒေလီ ဇန်နဝါရီ ၈

အိန္ဒိယနိုင်ငံသည် ပြည်တွင်းလုပ် မောင်းသူမဲ့ လေယာဉ်တစ်စင်းကို အိန္ဒိယနိုင်ငံအနောက်ပိုင်း အိုရီဆာပြည်နယ် စစ်အခြေစိုက်စခန်းတစ်ခုမှနေ၍ ဇန်နဝါရီ ၃ရက်က အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့ကြောင်း အင်ဒို–အာရှသတင်းဌာနက သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်ကို ချန်ဒီပူရာစစ်အခြေစိုက်စခန်းမှ ဇန်နဝါရီ ၃ ရက် ဒေသစံတော်ချိန် ၁၂နာရီ ၃၅မိနစ်(ဂရင်းနစ်စံတော်ချိန် ၀၇း၀၅ နာရီ)၌ စတင်စမ်းသပ် ပျံသန်းနိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်ကို လက်ရှာဗာဟု အမည်ပေးထားပြီး မြေပြင်မှထိန်းချုပ်ပျံသန်းစေခြင်းဖြစ်သည်။ ၎င်းလေယာဉ်ကို လေယာဉ်မှူးများ လေ့ကျင့်ရာတွင် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ပြောကြား

အိန္ဒိယနိုင်ငံ စစ်ဘက်ဆိုင်ရာ သိပ္ပံပညာရှင်များအနေဖြင့် ပြီးခဲ့သည့်လအနည်းငယ်ကလည်း အဆိုပါမောင်းသူမဲ့ လေယာဉ်အမျိုးအစားများကို စမ်းသပ်ပျံသန်းစေခဲ့ကြောင်း၊ ဇန်နဝါရီ ၃ရက်က စမ်းသပ်ပျံသန်းမှုမှာလည်း ပုံမှန် စမ်းသပ်ပျံသန်းမှု တစ်ခုပင်ဖြစ်ကြောင်း အိန္ဒိယအရာရှိတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နီပေါ၌ အအေးလှိုင်းကျရောက်၊ ၃၉ဦးသေဆုံး

ခတ္တမန္ဒူ ဇန်နဝါရီ ၈

နီပေါနိုင်ငံတွင် အအေးလှိုင်းကျရောက်ခဲ့သဖြင့် နီပေါနိုင်ငံတီရာအီဒေသ၌ ဇန်နဝါရီ ၅ရက်က လူ ၁၂ဦးသေဆုံးခဲ့ရကြောင်း နီပေါနိုင်ငံထုတ် ခတ္တမန္ဒူပို့စ်သတင်းစာက ဇန်နဝါရီ ၆ရက်၌ ဖော်ပြသည်။

နီပေါနိုင်ငံ၌ ယခုနှစ် ဆောင်းရာသီဝင်ကတည်းကပင် အအေးဓာတ်ပြင်းထန်ခဲ့ရာ သေဆုံးသူ အရေအတွက်များပြားခဲ့သည်။ အထူးသဖြင့် နီပေါနိုင်ငံတောင်ပိုင်းတွင် အအေးလှိုင်းများ ဆက်လက်ဖြစ်ပေါ်နေလျက်ရှိသည်။

နီပေါနိုင်ငံတွင် ယခုနှစ်ဆောင်းရာသီအဝင်ကတည်းက တစ်နိုင်ငံလုံးတွင် အအေးလွန်ကဲမှုကြောင့် သေဆုံးသူ ၃၉ဦးရှိသွားပြီဖြစ်ကြောင်း အဆိုပါ သတင်းစာ၌ ဖော်ပြထားသည်။

နီပေါနိုင်ငံတွင် အအေးဓာတ်လွန်ကဲမှုများမှာ နေရာအနှံ့ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ယူဂန္ဓာတွင် မိုးသည်းထန်စွာ ဆက်လက်ရွာဖွယ်ရှိ

ကမ်ပါလာ ဇန်နဝါရီ ၈

ယူဂန္ဓာနိုင်ငံတွင်အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိရာ ၎င်းမိုးရွာသွန်းမှုမှာ ဇန်နဝါရီလလယ်အထိ ဆက်လက်ရွာသွန်းနေမည်ဖြစ်ကြောင်း ယူဂန္ဓာနိုင်ငံ၏ မိုးလေဝသနှင့် ဇလဗေဒဌာနက ပြောကြားသည်။

ယခု ရွာသွန်းသောမိုးသည် ပြီးခဲ့သည့် ဒီဇင်ဘာလကုန်မှ စတင်ကာ ဆက်တိုက် ရွာသွန်းနေခဲ့ခြင်းဖြစ်ပြီး ယူဂန္ဓာနိုင်ငံ၏ အချို့အစိတ်အပိုင်းဒေသများတွင်မူ မိုးရွာသွန်းမှု ရပ်တန့်သွားပြီဖြစ်သည်ဟု ၎င်းဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘောဒီးယား အမျိုးသားပြတိုက်သို့ ခရီးသွားများ ပိုမိုလာရောက်လည်ပတ်

ဖနောင်ပင် ဇန်နဝါရီ ၈

ကမ္ဘောဒီးယားနိုင်ငံ၏ အမျိုးသားပြတိုက်သို့၂၀၀၆ခုနှစ်အတွင်း လာရောက်လည်ပတ်သူ ခရီးသွား ၉၄၀၀၀ကျော်ရှိခဲ့ကြောင်း၊ ယင်းမှ အမေရိကန်ဒေါ်လာ ၂၀၀၀၀၀နီးပါး ဝင်ငွေရရှိခဲ့ကြောင်း ယင်းပြတိုက်မှ မကြာသေးမီက ထုတ်ပြန်သော စာရင်းဇယားတွင် ဖော်ပြသည်။

ယင်းအမျိုးသားပြတိုက်သို့ ယမန်နှစ်က ခရီးသွား ၉၄၆၅၂ ဦး လာရောက်ခဲ့ရာ ၆၃၀၀၀မှာ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ အမေရိကန်နှင့် ဂျာမနီနိုင်ငံကဲ့သို့ နိုင်ငံခြားတိုင်းပြည်များမှ ဖြစ်ကြောင်း၊ ယခုဖော်ပြခဲ့သည့်ခရီးသွား အရေအတွက်မှာ ၂၀၀၅ ခုနှစ်ကထက် ၂၁ ဒသမ ၁ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အဆိုပါစာရင်းဇယားတွင် ဖော်ပြသည်။

ပိုမိုလာရောက်

ထို့အပြင် ဆီအမ်ရိပြည်နယ်ရှိ အန်ကောဝပ် ဘုရားကျောင်းနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများသို့လည်း ကမ္ဘာလှည့်ခရီးသွားများပိုမိုလာရောက်လျက်ရှိကြောင်း ၎င်းစာရင်းဇယား၌ ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘရာဇီး၌ မိုးသည်းထန်စွာရွာသွန်း မြေပြိုမှုကြောင့် လူ၂၇ဦးသေဆုံးရ

ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၈

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း၌ မိုးကြီးသည်းထန်စွာရွာချခဲ့မှုကြောင့် အနည်းဆုံးလူ ၂၇ဦးသေဆုံးပြီး ဇန်နဝါရီ ၂ရက်မှစ၍ လူပေါင်း ၁၁၀၀၀ အိုးမဲ့အိမ်မဲ့များ ဖြစ်ခဲ့ရကြောင်း ဒေသဆိုင်ရာ မြို့ပြကာကွယ်ရေး အာဏာပိုင်တို့က ဇန်နဝါရီ ၅ရက်က သတင်းထုတ်ပြန်ခဲ့သည်။

သေဆုံး

ရီယိုဒီဂျနေးရိုးတောင်တန်း ဒေသများဖြစ်သည့် နိုဗာဖရီဘာရို၊ ဆူမီဒေါရို၊ ပီထရိုပေါလစ်နှင့် တီရက်ဆိုပေါလစ်မြို့ကြီးလေးမြို့၌ အဆိုပါ မိုးသည်းထန်စွာ ရွာချပြီး မြေပြိုခဲ့မှုကြောင့် လူပေါင်း ၂၂ဦး သေဆုံးခဲ့ရကြောင်း ၎င်းတို့က ပြောကြားသည်။

ပြောကြား

ယင်းသေဆုံးသူ အရေအတွက်မှာလည်း တိုးလာနိုင်ကြောင်း မြို့ပြကာကွယ်ရေးအရာရှိတစ်ဦးက ပြောကြားသည်။

နှိုးဆော်

ကယ်ဆယ်ရေး အဖွဲ့ဝင်များသည် ပျောက်ဆုံးသူများအား ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း၊ သတိပေးနှိုးဆော်မှုများ ပြုလုပ်နေရဆဲဖြစ်ကြောင်း ၎င်းအရာရှိက ပြောကြားသည်။

ဆော်ပေါလို၌လည်း မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိရာ လူ ၅၅ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်ဟုဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အလက်စကာရှိ တောရိုင်းတိရစ္ဆာန်ခိုကိုးရာဒေသ ရေနံ မတူးဖော်ရေး အမေရိကန်စီစဉ်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၈

အလက်စကာရှိတောရိုင်းတိရစ္ဆာန်များခိုကိုးရာဒေသကို ရေနံတူးဖော်ခြင်း မပြုရန် ထာဝစဉ် တားမြစ်ပိတ်ပင်မည့် ဥပဒေကြမ်းတစ်ရပ်ကို ယခုအခါ အမေရိကန် ကွန်ဂရက်သို့ တင်ပြထားသည်။

ပယ်ချခဲ့

အမေရိကန် ကွန်ဂရက်က ယင်းကဲ့သို့သော အစီအစဉ်မျိုးကို ယခင်က သုံးလေးကြိမ် ပယ်ချခဲ့ဖူးသည်ဆို၏။

ယခုအခါ ဒီမိုကရက်များဦးဆောင်သည့် အမေရိကန် ကွန်ဂရက်က ဥပဒေကြမ်းကိုအတည်ပြုပြဋ္ဌာန်းပေးလိမ့်မည်ဟု တောရိုင်းတိရစ္ဆာန်များ စောင့်ရှောက်ရေးလိုလားသူများက မျှော်လင့်နေကြသည်။အလက်စကာကမ်းခြေတစ်လျှောက်ရှိ မြေဟက်တာ ၅၀၉၀၀၀ခန့်ကို တောရိုင်း တိရစ္ဆာန်များအတွက် အကာအကွယ်ပေးသည့် ကွန်းခိုရိပ်မြုံအဖြစ် ဥပဒေက ပြဋ္ဌာန်းပေးရမည်ဖြစ်သည်။

ထိုနေရာ၊ ထိုဒေသမှာ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ ပေါများပြီး ရေနံစည်ပေါင်း ၁၀ဘီလီယံကျော်ထွက်မည့် ရေနံသိုက်ရှိသည်ဟု သိရသည်။

(အင်တာနက်)

အလက်စကာဒေသရှိ တောရိုင်းတိရစ္ဆာန်များကို ဇန်နဝါရီ၅ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ပန်းအလှဆင်မြန်း

တရုတ်နိုင်ငံတောင်ပိုင်း နန်နင်းမြို့၌ မင်္ဂလာသတို့သမီးတစ်ဦးကို ပန်းအလှ ဆင်မြန်းထားသည့် ကားတစ်စီးနှင့်အတူ ဇန်နဝါရီ၇ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲသတိပေး

လန်ဒန် ဇန်နဝါရီ ၈

ကြက်ငှက်တုပ်ကွေးရောဂါသည် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လျက်ရှိနေသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)အကြီးအကဲသစ် ဒေါက်တာမာဂရက်ချန်က သတိပေးလိုက်သည်။

ဒေါက်တာမာဂရက်ချန်သည် ဒဗလျူအိတ်ချ်အို အကြီးအကဲ ဖြစ်လာသည့် ပထမဆုံး တရုတ်နိုင်ငံသားဖြစ်သည်။

ပိုမိုကြီးမား

ကြက်ငှက်တုပ်ကွေးရောဂါမှာ တိမ်မြုပ်နေရာမှ မကြာမီ ရက်သတ္တပတ်များအတွင်းတွင် စတင်ဖြစ်ပွားလာပြန်ပြီဟူသော သတင်းများ ပေါ်ထွက်လာကြောင်း၊ ဤကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ်မှာ အထူးသဖြင့် ဆင်းရဲသည့် နိုင်ငံများတွင် ပိုမိုကြီးမားကြောင်း ဒေါက်တာမာဂရက်ချန်က ပြောကြားသည်။

သတ်မှတ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးစားပေးလုပ်ငန်းအဖြစ် အာဖရိကတိုက် ကျန်းမာရေးစောင့်ရှောက်မှု၊ အထူးသဖြင့် အမျိုးသမီးများ၏ ကျန်းမာရေးကို စောင့်ရှောက်ရန် သတ်မှတ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ဗီယက်နမ်နိုင်ငံမှ ကြက်မွေးမြူရေးခြံတစ်ခြံတွင် မကြာမီက ကြက်ငှက်တုပ်ကွေးရောဂါ စတင်ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အထူးစိုးရိမ်လျက်ရှိသည်။ **(အင်တာနက်)**

❒ ရှေ့ဖုံးမှ

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ အဆွေတော် ကျန်းမာပျော်ရွှင်စေရန်နှင့် မြန်မာပြည်သူ ပြည်သားများ ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ဖော်ပြထားသည်။

စင်ကာပူသမ္မတနိုင်ငံ

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာ အက်စ်အာရ်နာသန်ထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် စင်ကာပူသမ္မတနိုင်ငံ၏ ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ စင်ကာပူသမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလာခဲ့သည့် နိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံ ပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းစေရန်နှင့် အာဆီယံအသိုက်အမြုံ ကျယ်ဝန်းလာစေရန်အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်း စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းက လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် စင်ကာပူသမ္မတနိုင်ငံ အစိုးရကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ စင်ကာပူ-မြန်မာ ဆက်ဆံရေးသည် နွေးထွေးပြီး ချစ်ကြည်ရင်းနှီးစွာရှိကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရန်နှင့် အာဆီယံအသိုက်အမြုံကို ပိုမိုခိုင်မာအောင် အရှိန်မြှင့် ကြိုးပမ်းဆောင်ရွက်နိုင်ရန် မိမိအနေဖြင့် ယုံကြည်ပါကြောင်းဖြင့် ဖော်ပြထားသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းထံသို့လည်း စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျော့ယိုးက အလားတူ သဝဏ်လွှာပေးပို့သည်။

ကိုရီးယားသမ္မတနိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ နိုမူဟွန်ထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကိုရီးယားအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်ပယ်စုံ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်း အရှိန်အဟုန်ရလာ၍ နှစ်ထောင်းအားရမှုရှိကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် လာမည့်အနာဂတ်တွင် ပိုမိုအကျိုးဖြစ်ထွန်းလာစေလိမ့်မည်ဖြစ်ကြောင်း၊ အဆွေတော်များ ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူများ ကြီးပွားချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ဖော်ပြသည်။

ပါကစ္စတန်အစ္စလာမစ်သမ္မတနိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပါကစ္စတန် အစ္စလာမစ်သမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ်မူရှာရက်ဖ်ထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ ပါကစ္စတန်အစ္စလာမစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့သည် အနီးကပ်ချစ်ကြည်ရင်းနှီးစွာဆက်ဆံကြသည့် နိုင်ငံများဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုသည် လာမည့်နှစ်များတွင် ပိုမိုအကျိုးဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော် ကျန်းမာပျော်ရွှင်စေရန်နှင့် မြန်မာပြည်သူပြည်သားများ ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ဖော်ပြသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်း ပါကစ္စတန်အစ္စလာမစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရှောကတ်အဇစ်က လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ထားရာတွင် ပါကစ္စတန်အစိုးရနှင့် ပြည်သူများကိုယ်စားဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ ပါကစ္စတန်-မြန်မာ ဆက်ဆံရေးသည် ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေးဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အနာဂတ်နှစ်များတွင် ပိုမိုအကျိုးဖြစ်ထွန်းလာစေလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ အဆွေတော် ကျန်းမာရွှင်လန်းပြီး မြန်မာပြည်သူပြည်သားများ ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ဖော်ပြသည်။ **(ဆက်လက်ဖော်ပြပါမည်) (မြန်မာ့အလင်း)**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်ဘီမြို့ တပ်ကြီးကုန်းကျေးရွာ ရွာသစ်ပိုင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးကျော်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အောင်စကြာဆရာတော် တရားချီးမြှင့်မည်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဇန်နဝါရီ ၁၁ ရက်ညတွင် ကျောက်တန်းမြို့ မြို့မဈေး ရှင်ဥပဂုတ္တရဟန္တာအရှင်သူမြတ်ကြီး၏ ပူဇော်ပွဲ၊ ၁၂ ရက် ညတွင် လှည်းကူးမြို့ ရန်ကင်း ၁ လမ်း သက်ကြီးပူဇော်ပွဲ၊ ၁၃ ရက် ညတွင် ခရမ်းမြို့ သကျမာရဇိန်သွန်းဘုရားကြီး အတွင်းရှိ သာသနာ့ဗိမာန်၊ ၁၄ ရက် ညတွင် ကျောက်တန်းမြို့နယ် (ကရပ်) သီတာမြိုင်ရပ်ကွက်၊ ၁၅၊ ၁၆ ရက် ညများတွင် ဗဟန်းမြို့နယ် ဗိုလ်ချို (၁)ရပ်ကွက် ဗိုလ်ချိုလမ်း၊ ၁၈ ရက် ညတွင် စမ်းချောင်းမြို့နယ် ဟုမ်းလမ်း ရပ်ကွက် ပန်းလှိုင်အရဏ်တော်ဝတ် အသင်းဓမ္မာရုံ၊ ၂၀ ရက်တွင် ဆူးလေ စေတီတော်၊ ၂၂ ရက် ညတွင် စမ်းချောင်းမြို့နယ် ဝေဠုဝန် မြောက် ရပ်ကွက် ဓမ္မရောင်ခြည်ဦးဓမ္မာရုံ၊ ၂၃ရက် ညတွင် မင်္ဂလာတောင်ညွန့် မြို့နယ် ဖို့မြေဓမ္မာရုံ၊ ၂၄ ရက် ညတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၈)ရပ်ကွက် ဓမ္မရက္ခိတဓမ္မာရုံ၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉ ရက် ညများတွင် သန်လျင် ဓမ္မရိပ်သာ၊ ၃၀၊ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက် ညများတွင် ဒေါပုံမြို့နယ် ဇေယျာသီရိ ၅ လမ်း၊ ၂ ရက် ညတွင် တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် ၈ လမ်းတို့တွင် တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

ဗိုလ်စိန်မှန်ရပ်ကွက် ဓမ္မပူဇာသဘင်

ရန်ကုန် ဇန်နဝါရီ ၈

သီတဂူအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး အလှူတော်တရားပွဲကို ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်စိန်မှန်အားကစားကွင်းကြီး အတွင်း၌ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၄ ရက် (တနင်္ဂနွေနေ့)တွင် ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ၊ ၁၅ ရက် (တနင်္လာနေ့)တွင် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရ၊ ၁၆ ရက် (အင်္ဂါနေ့)တွင် မေတ္တာရှင်ဆရာတော် အရှင်ဇဝန(ရွှေပြည်သာ)၊ ၁၇ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖြူးဆရာတော် အရှင်နရပတိ၊ ၁၈ ရက် (ကြာသပတေးနေ့)တွင် သီတဂူဆရာတော် အရှင်ဉာဏိဿရ၊ ၁၉ရက်(သောကြာနေ့)တွင် ရွှေလင်းယုန်ဆရာတော် အရှင်အရိယဝံသာဘိဝံသ၊ ၂၀ ရက် (စနေနေ့)တွင် ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရတို့က ညစဉ် ၇ နာရီမှစတင်၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဖုန်း-၅၅၄၈၇၇၊ ၅၄၁၉၉၆၊ ၅၄၆၁၃၉၊ ၀၉-၅၁၈၂၀၆၁၊ ၀၉-၅၁၄၃၂၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဆေးတက္ကသိုလ်(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၈

ဆေးတက္ကသိုလ်(၁) ရန်ကုန်သို့ ၁၉၆၄ ခုနှစ်တွင် စတင်တက်ရောက်ပညာသင်ကြားခွင့်ရခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက်အာစရိယပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၂၀ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ကျင်းပမည်ဖြစ်သည်။

၁၉၆၄ ခုနှစ်မှ ၁၉၇၁ ခုနှစ်တိုင် နှစ်အလိုက် ပညာသင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများ၊ ဆေးတက္ကသိုလ်(၁)သို့ ၁၉၆၄ ခုနှစ်၌ စတင်တက်ရောက်ခွင့်ရရှိခဲ့သူများနှင့် ၁၉၇၁ ခုနှစ်၌ ဆေးပညာဘွဲ့ရရှိခဲ့သူအားလုံးတို့ကို ဖိတ်ကြားထားရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိလိုပါက ဒေါက်တာအေးမြင့် ဖုန်း-၀၁-၇၀၄၅၆၁၊ ၀၁-၅၆၅၉၁၁၊ ဒေါက်တာမြင့်အောင်ခင် ဖုန်း-၀၁-၆၂၉၃၆၇၊ ဒေါက်တာ ဥမ္မာသွင် ဖုန်း-၀၁-၅၃၇၆၅၆ နှင့် ဒေါက်တာလှလှမြင့် ဖုန်း-၀၁-၂၀၀၀၈၆/၄၄၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၁-၂၀၀၇ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ပဋ္ဌာန်းပါဠိတရားတော် (ရွှေလင်းယုန်ဆရာတော်)
၈:၀၀	Music Gallery(ezy FM)
၈:၂၅	ပြည်တွင်းသတင်းအကျဉ်း
၈:၃၅	မေတ္တာရိပ်
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၅၅	အသုံးပြုစရာကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	မိုးလေဝသခန့်မှန်းချက်
၁၀:၁၅	မြန်မာ့အနုပညာပန်း ငွေထည်လုပ်ငန်း
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	နိုင်ငံတကာ အနုပညာရေးရာ
၁၁:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ချိုချိုဆိမ့်ဆိမ့် ကိတ်လိပ်ပြုလုပ်နည်း)
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	MRTV-4 ကျန်းမာရေးကဏ္ဍ (အရေပြားကျန်းမာရေး) [ဒေါက်တာစိုးဝင်းဦး]
၁၂:၂၀	တေးဂီတအစီအစဉ်
၁၂:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၃၀	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (စာပေနှင့်အနုပညာဆိုင်ရာ မူပိုင်ခွင့်) [ဒေါက်တာမိုးမိုးသွယ်]
၁:၀၀	MRTV-4 အပိတ် Logo၊

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ် ပြာသိုလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)

၉-၁-၂၀၀၇ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၆။	ကဗျာပန်းဥယျာဉ်
၈:၁၀	၇။	အတီးပြိုင်ပွဲ
၈:၂၀	၈။	နှောင်းခေတ်တေးပဒေသာ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use.
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၅	၆။	**"အရေးကြီးလို့ပါ"** ခင်လှိုင်၊ ခင်နှဲ့နှဲ့မူ (ဒါရိုက်တာ-ခင်နှဲ့နှဲ့မူ)
၁၇:၂၀	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၃၀	၉။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၀။	နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၄၁)
၁၈:၅၀	၁၁။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၉:၀၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ညီမ ငယ်ပါသေး"** (အပိုင်း-၆)
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၁၄)
	၁၇။	နောက်တစ်နေ့အစီအစဉ်
	၁၈။	အစီအစဉ်ပြီး၏။

ဇန်နဝါရီ ၈ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၆) အခြေခံ ပညာမူလတန်းကျောင်းသို့ အမှတ် ၆၆၅ မာဃ ၆ လမ်း ၁၂ ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ဦးအောင်သာထွန်း၊ သမီး မသင်းမာထွန်း(စေတနာသင့်အတွက် အထွေထွေအကျိုးဆောင်လုပ်ငန်း)မိသားစုက ကျောင်းသုံးဗလာစာအုပ်များကို မွေးနေ့အလှူအဖြစ် လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးကြည်ဝင်းက လက်ခံစဉ်။ (က-ပ)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားများ လားရှိုး၊ ကျိုင်းတုံ၊ တောင်ကြီး၊ မော်လမြိုင်၊ မန္တလေးနှင့်တောင်ငူတို့၌ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကို ဇန်နဝါရီ၄ ရက် နံနက်ပိုင်းက လားရှိုးမြို့ နန်းဟောဝန် ဥယျာဉ်ကျောက်တိုင်ကွင်း၌ ကျင်းပရာ အစီအစဉ်အရ အခမ်းအနားသို့ တက်ရောက်လာကြသူများက နံနက် ၄နာရီ မိနစ် ၂၀တွင် နိုင်ငံတော်အလံကို စစ်ရေးပြ အစီအစဉ်အတိုင်း အလေးပြုကြသည်။

ဆက်လက်၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နံနက် ၇နာရီခွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျိုင်းတုံမြို့

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက တြိဂံဒေသတိုင်း စစ်ဌာနချုပ်စစ်ရေးပြကွင်း၌ ကျင်းပရာ နံနက်၄နာရီ မိနစ် ၂၀ တွင် တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို စစ်ရေးပြအစီအစဉ်အတိုင်း အလေးပြုကြသည်။

ထို့နောက် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နံနက် ၇ နာရီခွဲက အဆိုပါ စစ်ရေးပြကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကိုဖတ်ကြားသည်။

တောင်ကြီးမြို့

ထို့အတူ တောင်ကြီးမြို့ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင် အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက် ၄ နာရီ မိနစ် ၂၀တွင် တောင်ကြီးမြို့ ပြည်နယ် အားကစားကွင်းအတွင်း ကျင်းပပြီး နံနက် ၈ နာရီတွင် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံကို စစ်ရေးပြ အစီအစဉ်အတိုင်း အလေးပြုကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သည့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကိုဖတ်ကြား၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

မော်လမြိုင်မြို့

ထို့အတူ မွန်ပြည်နယ် မော်လမြိုင်မြို့ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက်နံနက်ပိုင်းက မော်လမြိုင်မြို့ မောရဝတီပန်းခြံ၌ ကျင်းပရာ နံနက် ၄ နာရီ မိနစ် ၂၀တွင် နိုင်ငံတော်အလံတင်အခမ်းအနားကို စစ်ရေးပြ အစီအစဉ်အတိုင်း ကျင်းပသည်။

ယင်းနောက် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နံနက်၇နာရီတွင် ဆက်လက်ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေး နေ့သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မန္တလေးတိုင်း

အလားတူမန္တလေးတိုင်း(၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို စစ်ရေးပြ အစီအစဉ်အတိုင်း အလေးပြုကြပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပဲခူးတိုင်း

ထို့အတူပဲခူးတိုင်း (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကို ဇန်နဝါရီ၄ရက်နံနက်၄နာရီမိနစ်၂၀က တောင်ငူမြို့ ပြည်သူ့အားကစားကွင်း၌ကျင်းပရာတက်ရောက်လာကြသူများက နိုင်ငံတော်အလံအား စစ်ရေးပြအစီအစဉ်တိုင်း အလေးပြုကြသည်။

ဆက်လက်၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နံနက် ၇နာရီခွဲတွင် ကျင်းပရာ အခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကိုဖတ်ကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကိုးထပ်ကြီးဘုရား ဗုဒ္ဓပူဇနိယပွဲတော် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်ရှိ အတုလာဓိပတိ မဟာမုနိ သကျကိုးထပ်ကြီးဘုရား (၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် မြန်မာ့ရိုးရာ ခြင်းလုံးဝိုင်းခတ် ဖိတ်ခေါ်ပြိုင်ပွဲ၊ ခြင်း၊ ရွဲအကျော်အမော်များ၏ အလှခတ်ပြပွဲများကို ဇန်နဝါရီ ၁၆ရက်မှ ၁၈ရက်အထိ ဧည့်ခံဖျော်ဖြေပြီး ပြိုင်ပွဲတွင်လေးယောက်တန်း ခြင်းလုံးဝိုင်းခတ်၊ ခြင်းလတ်၊ ခြင်းကြီး၊လက်ရွေးစင် လေးမျိုးစီ ပါဝင်မည်ဖြစ်သည်။

နောက်ဆုံးထား

ပြိုင်ပွဲသို့ ၂၀၀၆ခုနှစ် ပြည်နယ်၊ တိုင်းပြိုင်ပွဲဝင်နှစ်ဦး သို့မဟုတ် အမျိုးသား တံခွန်စိုက်တန်းပြိုင်ပွဲဝင် တစ်ဦးစီပါဝင်ခွင့်ပြုမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် အသင်းများသည် ဇန်နဝါရီ၁၄ရက် နောက်ဆုံးထား၍ ဂေါပကအဖွဲ့ရုံးတွင် ပုံစံများ တင်သွင်းကြရမည်ဖြစ်သည်။ ပုံစံများကို ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း တောင်းခံနိုင်သည်။

အလှခတ်နှင့် ဆုပေးပွဲကို ဇန်နဝါရီ ၁၉ရက်တွင် ကျင်းပပြီး ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခြောက်သောင်းနှင့် တတိယဆု ငွေကျပ် လေးသောင်းအသီးသီး ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၂၉)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေ မြတ်မဟာတွင် တည် ဆောက်မည့် အိန္ဒိယနိုင်ငံ ဆိုင်ရာ ပညာသင် မြန်မာ ရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ် ကျောင်း တော်ကြီးဆောက်လုပ်ရန် အတွက် မရမ်းကုန်းမြို့နယ် ရေတမာလမ်း အမှတ် ဃ/၆၃နေ ဖခင်ကြီး ဦးအောင်ဝင်းအား ရည်စူး၍ မိခင်ကြီး ဒေါ်ရှုကီ အမှူးထားကာ ကိုမောင်မောင်လွင် (ကြက်သွန်ဖြူပွဲရုံ)မိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ကျောင်းအကျိုးဆောင် မဟာသိမ်တော်ကြီး ဆရာတော်အရှင်ရေဝတက လက်ခံယူစဉ်။ (က-ပ)

အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည် ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ၃ရက်က အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးရှေ့၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ခင်အုန်းမြက အမှာစကားပြောကြားစဉ်။ (မိခင်/ကလေး)

* ကျောဖုံးမှ

ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်၊ ရေကာပန်းတာ တည်ဆောက်ရန် လျာထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

အားသွန်ခွန်စိုက်

ထို့နောက် ဝန်ကြီးက ရှင်းလင်း တင်ပြမှုများအပေါ် ရေလွှဲဥမင်ဖောက်လုပ်ခြင်းလုပ်ငန်း၊ တမံ အောက်ခြေမြေကြီး ကျောက်သား တူးဖော်ခြင်းလုပ်ငန်း၊ ရေကာပန်းတာတည်ဆောက်ခြင်းလုပ်ငန်းများကို သတ်မှတ်ချိန်ပြီးစီးရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အထက် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသည် လက်ရှိ ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်မှုအတွက် လိုအပ်သော ရေပမာဏ ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် လက်ရှိ ပေါင်းလောင်းဆည် ရေဝင်ရောက်မှုကို ရေကူပေးနိုင်ရန်အပြင် စက်တပ်ဆင်အင်အား မဂ္ဂါဝပ်၇၀ ရှိ စက်နှစ်လုံး စုစုပေါင်း မဂ္ဂါဝပ်၁၄၀ စက်တပ်ဆင်၍ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၄၁၁သန်းခန့်ထုတ်လုပ်နိုင်မည့်စီမံကိန်းဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

လှိုင်မြို့နယ် မီးဘေးကြုံတင်ကာကွယ်ရေးစီမံချက် အရ ဇန်နဝါရီ ၆ ရက်က (၇)ရပ်ကွက်ရှိ လူနေအိမ်များနှင့် သရက်မြိုင်လမ်း၌ မီးဖိုမီးသုံးစွဲမှုအခြေအနေများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေစန်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ဝင်း၊ မြို့နယ် မီးသတ် ဦးစီးဌာနမြို့နယ် ဦးစီးမှူး ဦးခင်မောင်မြင့်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းနိုင်၊ မြို့နယ် အရန်မီးသတ်တပ်ရင်းမှူး ဦးခင်မောင်စိုးနှင့် တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ကြစဉ်။ (က-ပ)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိ၍ ကျောက်ကြီးမြို့နယ်၌ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရ

နေပြည်တော် ဇန်နဝါရီ ၈

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများအား သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂ ရက် နံနက် ၁၀နာရီခန့်က ကျောက်ကြီးမြို့နယ် ကော့ပြင်းကျေးရွာ (၃)ရပ်ကွက်မှ ဦးဆန်းလှိုင်၏သား မောင်ဇော်ဝင်း အသက်(၂၄)နှစ်သည် အစ်ကိုဖြစ်သူနှင့်အတူ ငါးရှာထွက်စဉ် တောတွင်းတစ်နေရာ၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့်မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲပြီး မောင်ဇော်ဝင်း၏ဘယ်ဘက်ခြေထောက် ခြေဖမိုးမှ ပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

ဖော်ထုတ်ရှင်းလင်း

အဆိုပါ ခြေထောက်ပြတ်ဒဏ်ရာရရှိသည့် မောင်ဇော်ဝင်းအား မုန်းတိုက်နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ဆေးဝါးကုသမှုနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားရုံးချုပ်(နေပြည်တော်) အထူးအယူခံမှုများ စီရင်ချက်ချမှတ်

နေပြည်တော် ဇန်နဝါရီ ၈

တရားရုံးချုပ်(မန္တလေး) ဒုတိယ တရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ် တရားသူကြီးများဖြစ်သော ဦးမြင့်အောင်နှင့် ဦးသက်ထွန်းတို့ ပါဝင်သော အထူးအယူခံ ခုံရုံးသည် ယနေ့နံနက်၁၀နာရီက တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု ခြောက်မှုနှင့် တရားမ အထူး အယူခံမှု ခြောက်မှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ (၇)အရတင်သွင်းသည့် တရားမ အထူး အယူခံမှု ကိုးမှုကိုလည်း ကြားနာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

9-1 (06) 1 3/24/1905, 10:47 PM

■ *ကျောဖုံးမှ*

ထို့ကြောင့်လည်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးသတ်စွမ်းရည်ထက်မြက်စေရန်သော် လည်းကောင်း၊ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ပြီး ထူးချွန်ထက်မြက်သည့်

နေစဉ် အတွင်း ဘယ်လိုဆောင်ရွက်ရမည်ဆိုတဲ့အပိုင်းနှင့် ဘေး အန္တရာယ်ဖြစ်ပွားပြီး ဆောင်ရွက်ရသည့် အပိုင်းဟူ၍ သုံးပိုင်းရှိပါတယ်။ ဒီအပိုင်းတွေအတိုင်းလဲ ကျွမ်းကျင်မှုတွေ၊ အမိန့်နာခံမှုတွေ၊ စည်းကမ်းလိုက်နာပြီး ထူးချွန်ထက်မြက်တဲ့ မီးသတ်တပ်ဖွဲ့

မီးကို မနိုင်လောက်သည့် အခြေအနေမျိုးရောက်မှ အကြောင်းကြားခြင်းထက် အချိန်မီ ဆောလျင်စွာ ခေါ်ယူခြင်းက ဆုံးရှုံးမှုများလျော့နည်းနိုင်

စမ်းချောင်းမြို့နယ် မီးသတ်ဦးစီးမှူး ရဲကျော်သူ ဦးကျင်သိန်းက အမျိုးသမီး အသက်ကယ်မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးအား ဤသို့ စနစ်တကျ အသက်ကယ်မှုပညာကို သင်ကြားပေးခဲ့သည်။
ရဲကျော်သူ ဦးကျင်သိန်း (ဦးစီးမှူး၊ စမ်းချောင်းမြို့နယ်)။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မီးသတ်တပ်ဖွဲ့ဝင်များ ပေါ်ထွန်းလာစေရန်သော်လည်းကောင်း လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

မီးသတ်တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်နေမှုအား မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်ကမ်းရှိ မီးသတ်ဦးစီးဌာန ရုံးချုပ်သို့ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်ကွင်းဆင်း ရေးသားခဲ့ပါသည်။

စွမ်းရည်ထက်မြက်အောင်

ရှေးဦးစွာ ရဲကျော်သူ ရဲဗလ ရဲသူရ ဦးကျော်မင်းက မီးဘေးကြိုတင်ကာကွယ်ရေးလေ့ကျင့်နေမှုများနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် "ကျွန်တော်တို့ မီးသတ် တပ်ဖွဲ့ဝင်တွေဟာ ဘေးအန္တရာယ်ကို ကယ်တင်တဲ့နေရာမှာ အဓိကအားဖြင့် နှစ်မျိုးရှိပါတယ်။ အဲဒါတွေကတော့ လူ့ပယောဂကြောင့်ဖြစ်ရတဲ့ မီးလောင်မှု၊ ကားတိုက်မှု၊ ဓာတုပစ္စည်းပေါက်ကွဲမှုများနှင့် သဘာဝအလျောက်ကျရောက်တတ်တဲ့ရေကြီးမှု၊ ဆူနာမီဒီလှိုင်းဖြစ်ပေါ်မှု၊ မြေငလျင်တုန်လှုပ်မှု၊ မြေပြိုမှု၊ တိုက်ပြိုမှု စတာတွေ ဖြစ်ပါတယ်။

ဒီလို လူတွေကြောင့်ဖြစ်ရတဲ့ ဘေးအန္တရာယ်ပဲဖြစ်ဖြစ်၊ သဘာဝကြောင့် ကြုံတွေ့ရတဲ့ ဘေးအန္တရာယ်ပဲဖြစ်ဖြစ် ကယ်တင်မှုများ ပြုလုပ်နိုင်အောင် ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေဟာ စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်၊ အမိန့်နာခံ၍ စည်းကမ်းကောင်းသော မီးသတ်တပ်ဖွဲ့ဝင်များ ဖြစ်ရန်နှင့် မီးသတ်စွမ်းရည် ထက်မြက်နေအောင် အမြဲမပြတ် လေ့ကျင့်လျက်ရှိပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

တစ်ဖန် အသက်ကယ်ပညာနှင့် ပတ်သက်၍လည်း ဘေးအန္တရာယ် လုံခြုံမှု စီမံခန့်ခွဲခြင်းသည် အသက်ကယ်ပညာ၏ အဓိကရေသောက်မြစ်ဖြစ်ပြီး ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့် အယူအဆသဘောထားများသည် အသက်ကယ်ပညာ၏ အနှစ်ဖြစ်ကြောင်း ဦးကျော်မင်းက ဆိုသည်။

ဘေးအန္တရာယ်

ထို့နောက် စမ်းချောင်းမြို့နယ် မီးသတ်ဦးစီးမှူး ရဲကျော်သူ ဦးကျင်သိန်းကလည်း "ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေဟာ ဘေးအန္တရာယ်ကို ကယ်တင်တဲ့နေရာမှာ မဖြစ်ခင် ကြိုတင်ပြင်ဆင်မှု၊ ဘေးအန္တရာယ် ကြုံတွေ့

ဝင်များဖြစ်အောင် အမြဲမပြတ် လေ့ကျင့်သင်ကြားပေးနေပါတယ်"ဟူ၍ မြန်မာ့အလင်းသို့ ပြောကြားသည်။

"ပြည်သူများအနေဖြင့်လဲ မီးဘေးကြုံကြိုက်တိုင်း မီးသတ်ဦးစီးဌာနကို အမြန်ဆုံးအကြောင်းကြားစေလိုပါတယ်။ မီးကို မနိုင်လောက်တဲ့ အခြေအနေမျိုးရောက်မှ အကြောင်းကြား ဖုန်းဆက်ခေါ်ယူခြင်းထက် အချိန်မီ ဆောလျင်စွာ ခေါ်ယူခြင်းက ဆုံးရှုံးမှုများလျော့နည်း

တပ်ဖွဲ့ဝင်အားလုံး ပီတိဖြစ်ကြရပါတယ်"ဟူ၍လည်း ၎င်းကဆက်လက်ရှင်းပြသည်။

ယင်းနောက် တာမွေမြို့နယ် မီးသတ်ဦးစီးမှူး ရဲသူရိန် ဦးသိန်းမြင့်ကလည်း မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်သင်ကြားမှုအပိုင်းနှင့် ပြောကြားရာတွင် "ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ယခုဆိုရင် မိန်းကလေး အသက်ကယ် မီးသတ်တပ်ဖွဲ့ဝင်တွေရှိနေပါပြီ၊ ဒါဟာ

အထပ်မြင့် အဆောက်အအုံများမှ မီးဘေးသင့်သူများအား ကယ်ဆယ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များ ဤသို့ လေ့ကျင့်ကြရသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နိုင်သလို မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့်လဲ မီးဘေးထိန်းချုပ်တဲ့နေရာမှာ လွယ်ကူစွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေဟာ ပြည်သူကို ကယ်တင်ဖို့၊ အသက်ပေးစွန့်လွှတ်စွန့်စားဖို့ အမြဲအသင့်ရှိနေကြပါတယ်။ ဘေးအန္တရာယ်ကြုံကြိုက်လို့ လူတစ်ဦးတစ်ယောက်ပဲဖြစ်ဖြစ်၊ အများနဲ့ပဲဖြစ်ဖြစ် ကယ်တင်လိုက်လို့ ဘေးကင်းသွားတယ်ဆိုရင် ကျွန်တော်တို့ မီးသတ်

ကမ္ဘာ့အလယ်မှာ ဂုဏ်ယူစရာကောင်းသလို အမျိုးသမီးထုကြီး တစ်ရပ်လုံးအတွက်လဲ ဂုဏ်ယူစရာကောင်းပါတယ်၊ သင်တန်းဖွင့်လှစ်တိုင်းလဲ အမျိုးသမီး မီးသတ်တပ်ဖွဲ့ဝင်တွေ ထည့်သွင်းသင်ကြားပေးနေပါတယ်" ဟူ၍ မြန်မာ့အလင်းသို့ ပြောကြားသည်။

"ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေကို ဒီမှာ သင်တန်းတွေနဲ့ လေ့ကျင့်သင်ကြားပေးနေသလို နိုင်ငံတကာက ခေါ်ယူတဲ့ သင်တန်းတွေကိုလဲ စေလွှတ်

သင်ကြားပေးလျက်ရှိပါတယ်။ ယခုအခါမှာ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၆၁၈ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၃၉၉၄၁ ဦးနှင့် စက်ရုံ အလုပ်ရုံတွေမှာ ၎င်းတို့၏ ဝန်ထမ်းများနဲ့ ဖွဲ့စည်းထားတဲ့ သီးခြားမီးသတ်တပ်ဖွဲ့ဝင် ၉၇၅၁ ဦးအထိရှိနေပါပြီ။ ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေကို စွန့်လွှတ်စွန့်စားပြီး ကျွမ်းကျင်သည့် မီးသတ်တပ်ဖွဲ့ဝင်များဖြစ်အောင်လဲ လေ့ကျင့်သင်ကြားပေးလျက် ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မီးသတ်ရုံးများကို ပြည်နယ်၊တိုင်း ၁၄ ခုတွင် (က)အဆင့် ကိုးရုံး၊ (ခ)အဆင့် တစ်ရုံး၊ (ဂ)အဆင့် လေးရုံး

ဗဟိုမီးသတ် သင်တန်းကျောင်းကို မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်၌ ဖွင့်လှစ်ထားပြီး မီးသတ်သင်တန်းကျောင်းကို ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်တွင် ဖွင့်လှစ်ထားသည်။

သင်တန်းကျောင်း

ဗဟိုမီးသတ် သင်တန်းကျောင်းတွင် အခြေခံစစ်ပညာနှင့် မီးသတ်သင်တန်း၊ တန်းမြင့်မီးသတ်သင်တန်း၊ အဆင့်မြင့် မီးသတ်ပညာသင်တန်း၊ မီးသတ် အရာရှိလောင်းသင်တန်း၊ အဆင့်မြင့်အရာရှိသင်တန်း၊ အထူးအသက်ကယ် ဆက်သွယ်ရေးသင်တန်း၊ ယာဉ်မောင်းစက်ပြင်သင်တန်း၊ စိုက်ပျိုးမွေးမြူရေးသင်တန်း၊ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းနှင့် ဆေးတပ်စုသင်တန်းများ သင်ကြားပို့ချလျက်ရှိသည်။

မီးသတ် သင်တန်းကျောင်းတွင် အကြပ်လောင်းသင်တန်း၊ အကြပ်သင်တန်း၊ ယာဉ်မောင်းသင်တန်း၊ ဦးစီးအရာရှိမွမ်းမံသင်တန်း၊ အသက်ကယ်နည်းစနစ်နှင့် မီးငြိမ်းသတ်နည်းအမျိုးမျိုးသင်တန်း၊ စခန်းမွမ်းမံသင်တန်း၊ ဦးစီးအရာရှိ မွမ်းမံသင်တန်း၊ လုပ်ငန်းခွင်မပျက်အချိန်ပိုင်း အင်္ဂလိပ်စာသင်တန်းနှင့် ကွန်ပျူတာသင်တန်းများ စသည်ဖြင့် စွမ်းရည်ထက်မြက်စေရန် သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အထူးဂရုပြု

ထိုသို့ မီးသတ်တပ်ဖွဲ့ဝင်များအား စွမ်းရည်မြင့်မားစေရန် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ ပြည်သူတို့အနေဖြင့်လည်း မီးဘေးအန္တရာယ်မဖြစ်ပွားရေးအတွက် တစ်ဖက်ကလည်း မီးကို အထူးဂရုပြုဆောင်ရွက်သင့်ပေသည်။

တစ်နိုင်ငံလုံး အတိုင်းအတာအရ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစပြီး နှစ်စဉ်မီးလောင်မှုမှာ ပျမ်းမျှအားဖြင့် အကြိမ်ပေါင်း ၁၂၀၀ ခန့်ဖြစ်ပွားနေကြောင်း မီးသတ်ဦးစီးဌာနမှ စာရင်းဇယားများတွင်ဖော်ပြထားသည်။ ထိုသို့မီးလောင်

မီးလောင်မှုဖြစ်ပွားနေစဉ် ကယ်တင်ရသည့် အသက်ကယ်လုပ်ငန်းတွင် အသုံးပြုသည့် အဆောက်အအုံတစ်ခုမှ တစ်ခုသို့ ကြိုးသွယ်တန်း ကူးသော လေ့ကျင့်မှုကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

သတ်မှတ်ဖွင့်လှစ်ထားပြီး အထက်မြန်မာပြည်ဌာနခွဲနှင့် အောက်မြန်မာပြည်ဌာနခွဲတို့ထားရှိကာ ဆောင်ရွက်နေကြောင်းသိရသည်။

မီးသတ်မြို့နယ်ရုံးများကို တိုးချဲ့တည်ဆောက်ပြီးစီးသည့် မြို့သစ်များအပါအဝင် ၃၂၆ မြို့နယ်ရှိရာ ၄၅ မြို့နယ်၌သာ မြို့နယ်ရုံးများဖွင့်လှစ်ပေးထားပြီး မြို့နယ်မှူးတစ်ဦးလျှင် ပျမ်းမျှ မြို့နယ်ရှစ်မြို့နယ်ကို လွှမ်းခြုံ တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။

မီးသတ်စခန်းများမှာ သန္ဓေမီးသတ်စခန်းပေါင်း ၂၁၇ စခန်းရှိသည့်အနက် (က)အဆင့် မီးသတ်စခန်း၄၉ ခု၊ (ခ)အဆင့် မီးသတ်စခန်း ၇၀၊ (ဂ)အဆင့် မီးသတ်စခန်း ၉၈ ခုဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

ရာတွင် ဖြစ်ပွားမှုအများဆုံးမှာ ပေါ့ဆမီးဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် အများဆုံးဖြစ်ပြီး ၇၈ ဒသမ ၈၅ ရာခိုင်နှုန်းရှိသည်။

သတိနှင့်ယှဉ်

သို့ဖြစ်၍ မီးသတ်တပ်ဖွဲ့ဝင်များက ထူးချွန်ထက်မြက်သည့် မီးသတ်တပ်ဖွဲ့ဝင်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူများအနေဖြင့်လည်း မီးလောင်မှုမဖြစ်ပွားအောင် ပေါ့ဆမီး၊ လျှပ်စစ်ဝိုင်ယာကြောင့်ဖြစ်ရသည့် မီး၊ မီးဖိုမီးစသော မီးအန္တရာယ်မှ ကင်းဝေးရေး အမြဲသတိနှင့်ယှဉ်၍ မီးသတိပြု သုံးစွဲကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦး ကြီးကြပ်၍ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ ရပ်ကွက်အလိုက် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၇ ရက်က ၆ အရှေ့ရပ်ကွက်တွင် မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး ဦးရီဝင်းနှင့် ဒုတိယတပ်ရင်းမှူး၊ ဇုန်နယ်တပ်ခွဲမှူးများ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ကျော်နိုင်နှင့် အဖွဲ့ဝင်များ မီးသုံးစွဲမှုများကို ကွင်းဆင်းစစ်ဆေးကြစဉ်။ (၁၀၂)

✡ **ရှေ့ဖုံးမှ**

အခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူများဖြစ်ကြသည့် မထက်ထက်လမင်းနှင့် မခန့်မွှန်တင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြသည်။

ရှေးဦးစွာ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို နိုင်ငံတော်သီချင်းဖြင့် ဖွင့်လှစ်သည်။

သီဆိုဂုဏ်ပြု

ဆက်လက်၍ ပျဉ်းမနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"မြန်မာ့ကျောင်း"** သီချင်းဖြင့်လည်းကောင်း၊ ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"ဘက်စုံဆင်နွှဲ ဆုနှင်းပွဲ"** သီချင်းဖြင့်လည်းကောင်း သီဆိုဂုဏ်ပြုကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် အဓိကဦးဆောင်ပါဝင်ရမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေးကဏ္ဍတွင် အမျိုးသားပညာရည်မြင့်မားရေး အနှစ်၃၀ နှစ်ရှည်စီမံကိန်းကို ၂၀၀၁–၂၀၀၂ ဘဏ္ဍာရေးနှစ်ကစတင်ပြီး ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုများအရ အနာဂတ်ကာလတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို အမျိုးသားရေးအသိအမြင် နိုးကြားထက်သန်စွာဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် အခြေခံပညာနှင့် အဆင့်မြင့်

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အဋ္ဌမတန်း ဘက်စုံထူးချွန်ဆုရ မြဝတီမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်ခန့်ဖြိုးနောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပညာ ကဏ္ဍအလိုက် စီမံကိန်းလုပ်ငန်းစဉ်များချမှတ်ပြီး မျိုးဆက်သစ်လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း။

ခွန်အားသစ်များ

ပညာရေးကဏ္ဍ၏ တိုးတက်ဖြစ်ထွန်းမှုများ၊ ပညာရေးကဏ္ဍက ပြုစုပျိုးထောင် မွေးထုတ်ပေးလိုက်သည့် ဘက်စုံထူးချွန်ထက်မြက်သော ကျောင်းသူကျောင်းသားများ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည့် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ စွမ်းဆောင်နိုင်မှုများကို ယခုကဲ့သို့ ပညာရေးစုံညီပွဲတော်တွင် ပေါ်လွင်ထင်ရှားအောင် ထုတ်ဖော်ပြသနိုင်ခြင်းအားဖြင့် ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတွက် ခွန်အားသစ်များ တိုးပွားဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမျိုးသားပညာရည်မြင့်မားရေးအတွက် ဆရာများ၏ သင်ကြားမှုအရည်အသွေး ပြည့်ဝရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေး၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး၊ ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရေးနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေး အစရှိသည့် လုပ်ငန်းများကို အထူးအာရုံစိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ အဆိုပါ လမ်းညွှန်ချက်များနှင့်အညီ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း။

ကျင်းပဆင်နွှဲ

ပညာရေးမြှင့်တင်မှု အစီအစဉ်များအရ ၁၉၉၈–၉၉ပညာသင်နှစ်က စတင်ပြီး နှစ်စဉ် ဇန်နဝါရီလဆန်း ရက်တစ်ရက်ကို ပညာရေးစုံညီပွဲတော်နေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ရာ ပြီးခဲ့သည့် ဇန်နဝါရီ ၆ရက်တွင် နဝမအကြိမ်မြောက် ပညာရေးစုံညီပွဲတော်နေ့အဖြစ် အခြေခံပညာကျောင်းများ၌ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမ နှစ်သိန်းငါးသောင်းကျော် အပါအဝင် အခြေခံပညာရေးဝန်ထမ်း သုံးသိန်းကျော်နှင့် မိဘပြည်သူများ၊ ပညာရေးစေတနာရှင်များသည် ကျောင်းသား ကျောင်းသူ ၇ဒသမ၈သန်းကျော်နှင့်အတူ ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြပွဲ ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ထူးချွန်ဆုချီးမြှင့်ပွဲများ ကျင်းပဆင်နွှဲကြပြီးဖြစ်ကြောင်း။

၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပရသည့် ရည်ရွယ်ချက်များမှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ကာကွယ်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာပြီး ရိုးရာယဉ်ကျေးမှုနှင့် လူမှုဘဝ စံနှုန်းများကို ထိန်းသိမ်းမြှင့်တင်နိုင်မည့် နိုင်ငံ့သားကောင်း သမီးမွန်များ ပေါ်ထွန်းလာရေး၊ ပညာရေးကဏ္ဍအလိုက် စွမ်းဆောင်ချက်များကို ထုတ်ဖော်တင်ပြနိုင်ခြင်းဖြင့် ပညာရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းများကို မိဘပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပနေခြင်းဖြစ်ကြောင်း။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဝန်ကြီးများ ပညာရေးဝန်ကြီးဌာန ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

အောင်မြင်စွာကျင်းပ

၂၀၀၆–၂၀၀၇ ပညာသင်နှစ် ဗဟိုအဆင့် ပညာရေးစုံညီပွဲတော်ကို နေပြည်တော်တွင် ၂၀၀၇ခုနှစ် ဇန်နဝါရီ ၆ရက်မှ ၈ရက်အထိ ကျင်းပခဲ့ရာ ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ၊ ပညာရေးဖွံ့ဖြိုးမှုပြပွဲ၊ ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း။

နိုင်ငံတော်က သတ်မှတ်ထားသည့် နေ့ကြီး၊ ရက်ကြီးများနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ထားသည့် နေ့ကြီး၊ ရက်ကြီးများ အထိမ်းအမှတ် စာပေ၊ အနုပညာပြိုင်ပွဲများ၊ အာဆီယံနှင့် နိုင်ငံတကာ စာပေအနုပညာ ပန်းချီပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ပညာရပ်ဆိုင်ရာ ပြိုင်ပွဲများမှာလည်း အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍနှစ်ရပ်လုံးက ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ တားဆီးကာကွယ်ရေး ပညာပေးအစီအစဉ်ဆိုင်ရာ ဟောပြောပွဲများ၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင်လည်း ကျောင်းသား ကျောင်းသူများ တက်ကြွစွာပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း။

ပါဝင်ပံ့ပိုး

မိဘပြည်သူများ၊ ပညာရေးစေတနာရှင်များအနေဖြင့်လည်း စာသင်ဆောင်နှင့် ပရိဘောဂများ၊ မာလ်တီမီဒီယာပစ္စည်းများ၊ ကျောင်းနေရေးလုပ်ငန်းများအတွက် လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ပံ့ပိုးပေးခဲ့ကြောင်း။

ထို့ကြောင့် ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွင်း အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းများတွင် ဒေသအာဏာပိုင်များ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးစေတနာရှင်များ၊ မိဘပြည်သူများ အပြည့်အဝ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုလို တိုးတက်အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရကြောင်း။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရရှိကြသည့် ပြည်နယ်နှင့်တိုင်းများမှ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးများအား ဆုများချီးမြှင့်စဉ်။

(သတင်းစဉ်)

ကြိုးပမ်းလေ့ကျင့်

နိဂုံးချုပ်အနေဖြင့် ပညာရေးကဏ္ဍအလိုက် တာဝန်ယူသင်ကြားပေးနေရသည့် ဆရာ ဆရာမများအနေနှင့်လည်း ပညာရေးစီမံကိန်းလုပ်ငန်းစဉ်များနှင့်အညီ ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးအတွက် ကြိုးပမ်းလေ့ကျင့် သင်ကြားပေးသွားကြရန်နှင့် ကျောင်းသား ကျောင်းသူများ အနေဖြင့်လည်း အနာဂတ်နိုင်ငံတော်က အားထားရသည့် လူ့စွမ်းအား အရင်း အမြစ်များအဖြစ် ခံယူဆောင်ရွက်နိုင်စေရန် ကြိုးပမ်းလေ့ကျင့် သင်ယူသွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ၂၀၀၆–၂၀၀၇ပညာသင်နှစ် ဒသမတန်း ဘက်စုံပညာထူးချွန်ဆုရရှိကြသော ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မဟာန်နီထွန်း၊ ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မလေးမြ၊ ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်မြင့်ပိုင်ဘို၊ ချင်းပြည်နယ် ဖလမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဘွဲ့ကျင်လျန်း၊ စစ်ကိုင်းတိုင်း ရွှေဘိုမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ မဝေဝေနှင်းကျော်၊ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မယဉ်မင်းသုန်၊ ပဲခူးတိုင်း(အရှေ့) ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စောပြေထူး၊ ပဲခူးတိုင်း(အနောက်) ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်မောင်ခိုင်၊ မကွေးတိုင်း မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မဟာန်နီစိုး၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ မသီဒါအေး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မဝင့်ဝါသင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မသက်ထားအိမ်၊ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ မအေးနှင်းမိုး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မသဥ္ဇာတင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မနန်းကြိုးခမ်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ထိန်ဝင်းရာဇာ၊ ဧရာဝတီတိုင်း ဟင်္သာတမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ မမေမြတ်သူတို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး ဆုရကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ၂၀၀၆–၂၀၀၇ ပညာသင်နှစ် အဋ္ဌမတန်း ဘက်စုံပညာထူးချွန်ဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ မောင်ဘရန်ဆိုင်းမော်၊ ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မမေဖြူခင်၊ ကရင်ပြည်နယ် မြဝတီမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်ခန့်ဖြိုးနောင်၊ ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မဆုသီရိလှိုင်၊ စစ်ကိုင်းတိုင်း မုံရွာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဘုန်းမြတ်ဇော်၊ တနင်္သာရီတိုင်း ပုလောမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်ချစ်ရန်တိုး၊ ပဲခူးတိုင်း(အရှေ့) တောင်ငူပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ မသွန်းသက်ပန်၊ ပဲခူးတိုင်း(အနောက်) ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကြည်မော်နိုင်၊ မကွေးတိုင်း မင်းဘူးမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မကေခိုင်ထက်၊ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ မမေမြတ်နိုးဝင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မသဲဦးခိုင်၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မခင်ဥမ္မာကျော်၊ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မသက်ထားစံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ မနမ်းဟွမ်နွန်းနွန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မဆွေဇော်ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မမြတ်သက်ထားခင်၊ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ မောင်ကျော်ခိုင်ထက်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ဆုရကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဂုဏ်ပြုဆုများချီးမြှင့်

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းက ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မြန်မာနှင့် နိုင်ငံတကာလူမှုဆက်ဆံရေးထုံးဓလေ့ တတ်ကျွမ်းမှုပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူ ၁၈ဦးတို့အား ဆုများကိုလည်းကောင်း၊ ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိကြသည့် ကျောင်းသား ကျောင်းသူ၁၅ဦးတို့အား ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **'စုံညီပွဲတော် တို့နွှဲပျော်'** သီချင်းဖြင့် စုပေါင်းသီဆို ဂုဏ်ပြုကြသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ၂၀၀၆–၂၀၀၇ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရရှိကြသည့် ပြည်နယ်နှင့် တိုင်းများမှ အခြေခံပညာအထက်တန်းကျောင်း ၁၇ကျောင်းတို့အတွက် သက်ဆိုင်ရာ ကျောင်းအုပ် ဆရာဆရာမကြီးများအား ဆုများကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွှန့်က နိုင်ငံတကာ ပန်းချီပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူနှစ်ဦးတို့အားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး စီမံချက်အရ ထူးခြားသည့် ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပျဉ်းမနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက **"ဓာတ်မာန်သီချင်း"** ဖြင့် ဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

ဒုတိယအကြိမ် မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ အကြိုဖိုလ်လုပွဲစဉ်များ ယနေ့ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ အကြိုဖိုလ်လုပွဲစဉ်များကို ဇန်နဝါရီ ၉ ရက် **(ယနေ့)**တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပမည် ဖြစ်သည်။

ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ အကြိုဖိုလ်လုပွဲစဉ်များကို ဇန်နဝါရီ ၉ ရက် **(ယနေ့)** နံနက်ပိုင်းတွင် ကျင်းပမည် ဖြစ်ရာ နံနက် ၉ နာရီ၌ ပထမအကြိုဖိုလ်လုပွဲစဉ်အဖြစ် Royal Seaman အသင်းနှင့် Galaxy အသင်း၊ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြို ဖိုလ်လုပွဲစဉ် အဖြစ် စမ်းချောင်းလူငယ်အသင်းနှင့် UPT အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။ အကြိုဖိုလ်လုပွဲစဉ်၌ အနိုင်ရရှိသောနှစ်သင်းသည် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နောက်ဆုံး ဖိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

UPT အသင်း

UPT ဖူဆယ်ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးအောင်မော်သိန်း (ဦးဖေသိန်း–လျှပ်စစ်)၊ နည်းပြချုပ်အဖြစ် ဦးဝင်းစိန်(မြန်မာ့လက်ရွေးစင်ဟောင်း)၊ လက်ထောက်နည်းပြအဖြစ် ဦးခင်မောင်မြင့်(ပို့ဆောင်ရေး)၊ အားကစားသမားများ အဖြစ် ဖြိုးမင်းမောင်**(ဂိုး)**၊ မြကိုမင်း**(ဂိုး)**၊ မျိုးဝင်းညွန့်၊ ခင်မောင်ထွန်း၊ ဝင်းမင်းထွဋ်၊ တင်မင်းထွန်း၊ အောင်မျိုးသန့်၊ ထွန်းနောင်ဦး၊ အေးမင်းဝင်း၊ ထက်အောင်၊ ဇော်ရဲမောင်၊ အောင်ကျော်ဇံတို့ ပါဝင်ကြသည်။

UPT ဖူဆယ်အသင်းသည် ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်၌ ၁၆/၁ FC အသင်းကို ရှစ်ဂိုး–လေးဂိုး၊ ကွာတားဖိုင်နယ်ပွဲစဉ်၌ Sara အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဖိုလ်လုပွဲသို့ တက်လှမ်းလာခြင်း ဖြစ်သည်။ UPT အသင်းသည် အဆင့်မြင့်တန်းမှ ပို့ဆောင်ရေးအသင်းကို အခြေခံ၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။

Royal Seaman အသင်း

Royal Seaman ဖူဆယ်ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးပြုံးချို၊ နည်းပြချုပ်အဖြစ် ဦးမင်းထွန်း၊ လက်ထောက်နည်းပြအဖြစ် ဦးစိုးသူရ၊ အားကစားသမားများအဖြစ် ဌေးလွင်၊ ထွန်းကျော်၊ အောင်သွင်၊ ကျော်ဒွန်း၊ မောင်မောင်မြင့်၊ ဇော်နိုင်၊ အောင်ဇော်လှိုင်၊ ထွန်းမြင့်လွင်၊ ဇော်ထွန်း၊ သူရအောင်၊ ထွန်းနန္ဒာဦး**(ဂိုး)**၊ မောင်ယော့စ်တို့ ပါဝင်ကြသည်။

Royal Seaman အသင်းသည် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ ကာလု အသင်းကို ၁၃ဂိုး–ခုနစ်ဂိုး၊ အကြိုဖိုလ်လုပွဲစဉ်၌ မြို့တော်စည်ပင်အသင်းကို ၁၁ဂိုး– နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ပထမအကြိမ် ရန်ကုန်မြို့တော်ဝန် ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ဖိုလ်စွဲခဲ့သော မြို့တော်စည်ပင်အသင်းကို ဂိုးပြတ်အနိုင်ရရှိသော ကွာတားဖိုင်နယ်ပွဲစဉ်တွင် ကျော်ဒွန်းတစ်ဦးတည်းက ခြောက်ဂိုး သွင်းယူပေးခဲ့သည်။

စမ်းချောင်းလူငယ်အသင်း

စမ်းချောင်းလူငယ် ဖူဆယ်ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးမြလှိုင်၊ နည်းပြချုပ်အဖြစ် ဦးဝင်းနိုင်၊ လက်ထောက်နည်းပြအဖြစ် ဦးသန့်ဇင်၊ အားကစားသမားများအဖြစ် မင်းဟဏ်၊ သန်းထိုက်၊ ကျော်စိုး၊ ချစ်ဝေဖြိုး၊ ထွန်းထွန်းဝင်း၊ သက်အောင်၊ အေကိုကို၊ အောင်လွင်၊ အောင်မင်းသိန်း၊ ဇင်ညီညီအောင်၊ ပြည့်ဖြိုးကျော်**(ဂိုး)**နှင့် ကျော်ကျော်ဦးတို့ ပါဝင်ကြသည်။

စမ်းချောင်းလူငယ်အသင်းသည် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ မြို့သစ် လူငယ်အသင်းကို ငါးဂိုး–လေးဂိုး၊ အကြိုဖိုလ်လုပွဲစဉ်၌ ပေါ်တိုအသင်းကို ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပထမအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် စမ်းချောင်းလူငယ်အသင်း ဒုတိယရရှိခဲ့သည်။

Galaxy အသင်း

Galaxy ဖူဆယ်ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးခင်ဇော်၊ နည်းပြချုပ်အဖြစ် ဦးဇော်ဇော်၊ လက်ထောက်နည်းပြအဖြစ် ဦးတင်ထွန်းဝင်း၊ အားကစားသမားများအဖြစ် လာကျဲအိုလွယ်၊ ကျော်ဇင်ညွန့်၊ ရဲမြင့်နိုင်၊ ထိန်လင်း၊ သန့်ဇော်လှ၊ နိုင်နိုင်လင်း၊ ထွန်းလင်းအောင်၊ သန်းဇော်ဝင်း**(ဂိုး)**၊ အောင်ဇော်ဦး၊ ရှန်းပြည့်ဟိန်း၊ ကိုကိုနိုင်နှင့် ကျော်ဇင်လတ်**(ဂိုး)**တို့ပါဝင်ကြသည်။

Galaxy အသင်းသည် ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်၌ Y.E.T အသင်းကို ခုနစ်ဂိုး–ငါးဂိုး၊ အကြိုဖိုလ်လုပွဲစဉ်၌ Sixteen Two အသင်းကို ၁၆ ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ Galaxy အသင်းတွင် အာဆီယံဖူဆယ်ဘောလုံးပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ဖူဆယ်ဘောလုံးအသင်းမှ အားကစားသမားအချို့ ပါဝင်လျက်ရှိသည်။

ရေပန်းစား

ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ပြီးဆုံးသွားချိန်၌ UPT အသင်းသည် ဖိုလ်စွဲနိုင်သည်ဟု ရေပန်းစားလျက်ရှိသည်။ ပွဲစဉ်တစ်လျှောက် ယှဉ်ပြိုင်လာမှုအနေအထားနှင့် အားကစားသမား စုဖွဲ့ပါဝင်မှု အနေထားအရ ပြိုင်ဘက်အသင်းများ၏ အလေးထားမှုကို ခံရသောအသင်းဖြစ်သည်။

ဖိုလ်စွဲနိုင်သည်ဟု ရေပန်းစားနေသော UPT ဖူဆယ်အသင်းမှ အုပ်ချုပ်သူ ဦးအောင်မော်သိန်း(ဦးဖေသိန်း–လျှပ်စစ်)နှင့် နည်းပြချုပ်ဦးဝင်းစိန်(မြန်မာ့လက်ရွေးစင်ဟောင်း)တို့အား မြန်မာ့အလင်းက ပွဲကြိုတွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ပံ့ပိုးဖြည့်ဆည်း

ရှေးဦးစွာ အုပ်ချုပ်သူ ဦးအောင်မော်သိန်းအား UPT ဖူဆယ် အသင်းဖွဲ့စည်းရသည့် ရည်ရွယ်ချက်နှင့် ကြိုတင်ပြင်ဆင်ခဲ့မှုအခြေအနေကို မေးမြန်းရာ

သတင်းဆောင်းပါး – ကိုထွေး

"UPT အသင်း၏နာယက ဖြစ်သည့် ဦးဖေသိန်း၏ မြန်မာ့ ဖူဆယ်အားကစားနည်း ဖွံ့ဖြိုးတိုးတက်စေလိုသည့်စေတနာကို မိမိတို့က ဝိုင်းဝန်းပံ့ပိုးဖြည့်ဆည်းသည့်အနေဖြင့် အသင်းဖွဲ့စည်းယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖူဆယ်အားကစားနည်းမှာ ပွဲတစ်ပွဲအတွင်း ဂိုးအရေအတွက်များများ သွင်းယူနိုင်သဖြင့် ပရိသတ်ကို ဆွဲဆောင်မှုပေးနိုင်ကြောင်း၊ ဖူဆယ်ဘောလုံးပွဲယှဉ်ပြိုင်ကစားရာတွင် ဘောလုံးကျွမ်းကျင်မှု၊ ကြံ့ခိုင်မှု၊ သက်လုံနှင့် ဂိုးသွင်းစွမ်းရည် စွယ်စုံတတ်ကျွမ်းရန်လိုအပ်ကြောင်း၊ မိမိတို့အသင်းကို ၁၉၉၆ ခုနှစ် စက်တင်ဘာလမှ စတင်၍ ပြင်ဆင်လေ့ကျင့်ခဲ့ကြောင်း၊ ကိုယ်ပိုင်လေ့ကျင့်ရေးကွင်းမရှိသဖြင့် သန်လျင်ကွင်း၊ လှိုင်ကွင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် သုဝဏ္ဏမီးဒုံးကွင်းတို့၌ လေ့ကျင့်ခဲ့ကြောင်း၊ ပထမအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ၁၆ သင်း ရှုံးထွက်အဆင့်၌ စမ်းချောင်းလူငယ်အသင်းကို ခုနစ်ဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရကြောင်း၊ အဆင့်မြင့်တန်းမှ အားကစားသမားများသာမက ဖူဆယ်သီးသန့်ကစားသည့် လူငယ်ကစားသမားများကိုလည်း ခေါ်ယူရန်အစီအစဉ်ရှိပါကြောင်း၊ ရွှေပေါက်ကံမြို့သစ်၌ ကျင်းပခဲ့သည့် အလွတ်တန်းဖူဆယ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ရာမှ မြောက်ဥက္ကလာပမြို့နယ်မှ လူငယ်များနှင့် စတင်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ လက်ရှိအသင်းကို ပို့ဆောင်ရေးအသင်းမှ အားကစားသမားများဖြင့် အခြေခံဖွဲ့စည်းထား၍ ပထမအကြိမ် ပြိုင်ပွဲဝင်စဉ်ကထက် ပိုမိုတောင့်တင်းမှုရှိကြောင်း၊ အားကစားသမားများကို အစားအသောက်ကျွေးမွေးခြင်း၊ ခရီးစရိတ်ပေးပို့ခြင်း၊ အားကစားဝတ်စုံများ အပြည့်အစုံ ပံ့ပိုးပေးခြင်းများဖြင့် လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးထားကြောင်း၊ စတင်လေ့ကျင့်သည်မှ ယခုအချိန်အထိ ငွေကျပ် ၁၂ သိန်းကျော် အကုန်အကျခံထားပြီးဖြစ်ကြောင်း၊ ဖိုလ်စွဲရမည်ဟူသော ယုံကြည်ချက်ဖြင့် အကောင်းဆုံးယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ပို၍အဆင့်မြင့်

နည်းပြချုပ် ဦးဝင်းစိန်အား ပြိုင်ဘက်အသင်းများ၏ အနေအထားနှင့် ပြင်ဆင်လေ့ကျင့်မှုကို မေးမြန်းရာ "ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲသည် ပထမအကြိမ်ပြိုင်ပွဲထက် ပို၍အဆင့်မြင့်လာကြောင်း၊ ပြိုင်ပွဲဝင်အသင်းများ ပြင်ဆင်မှုကောင်းပြီး အသင်းကောင်းများ ပါဝင်လာကြောင်း၊ မိမိတို့ ပထမအဆင့်၌ အနိုင်ရရှိခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းဆိုလျှင် ရှုံးထွက် ၁၆ သင်းအဆင့်ရောက် အသင်းများထက်ပင် တောင့်တင်းပါကြောင်း၊ မိမိတို့နှင့် စောစောစီးစီး ဆုံတွေ့၍ အကြိတ်အနယ်ကစားပြီး ပြိုင်ပွဲမှ ထွက်သွားရခြင်းဖြစ်ကြောင်း၊ အကြိုဖိုလ်လုပွဲတက်လာသည့် လေးသင်းစလုံး အသင်းကောင်းများဖြစ်၍ အကြိတ်အနယ်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းကို စက်တင်ဘာလမှစတင်၍ ကြိုတင်ပြင်ဆင်မှု အကောင်းဆုံးပြုလုပ်ထား၍ ဖိုလ်စွဲသည်အထိ ရည်မှန်းထားကြောင်း၊ ယမန်နှစ်က ရှုံးနိမ့်ခဲ့သည့် စမ်းချောင်း လူငယ်အသင်းကို မဖြစ်မနေ အနိုင်ကစားပြီး ဖိုလ်လုပွဲတက်မည်ဟု ယုံကြည်ပါကြောင်း၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၌ အနိုင်ရရှိရေးမှာ လက်ရွေးစင် ဘောလုံးသမားများ ပါဝင်ခြင်း မပါဝင်ခြင်းမှာ အဓိကမကျကြောင်း၊ ဖူဆယ်ဥပဒေကို ကျေညက်ပြီး လူစားလဲမှုမှာ အရေးကြီးကြောင်း၊ ယခုပြိုင်ပွဲ၌ လက်ရွေးစင်မဟုတ်ဘဲ ဖူဆယ်သီးသန့်ကစားသည့် ထူးချွန်သည့် လူငယ်များ ပါဝင်လာသည်ကို တွေ့ရကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

စိတ်ပါဝင်စား

ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲကို ၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ စတင်၍ ကျင်းပခဲ့ရာ အသင်းပေါင်း ၂၁၈ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင်အသင်းများကို အုပ်စု ၂၆ စုခွဲ၍ မြို့တော်စည်ပင် အားကစားရုံနှင့် ပဒေသာအားကစားရုံတို့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ ဖူဆယ်အားကစားနည်းကို ၂၀၀၅ ခုနှစ်အတွင်းက စတင်ယှဉ်ပြိုင်ကစားလာခဲ့ရာ ယခုဆိုလျှင် ဖူဆယ်အားကစားနည်းကို စိတ်ပါဝင်စား ကစားလာသူ အထူးများပြားလာပြီဖြစ်သည်။ ဒုတိယအကြိမ် ရန်ကုန်မြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ အကြိုဖိုလ်လုပွဲစဉ်များသည် ဖူဆယ်ပရိသတ်များ မလွတ်တမ်းကြည့်ကြရမည့် ပွဲကောင်းများဖြစ်ကြောင်း သတင်းစကားပါး ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၂)အခြေခံပညာမူလတန်းလွန်ကျောင်း၏ မိဘဆရာ ကျောင်းသား စုံညီပွဲတော်နှင့် ဆုပေးပွဲကို ဇန်နဝါရီ ၈ ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ငါးနှစ်ဆက်တိုက် စံပြ ပထမဆုရ မပြုံးဟန်ချိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ချိုက စံပြစလွယ်နှင့် ဆုတံဆိပ် ပေးအပ်စဉ်။ (၂၅၉)

● ကျောဖုံးမှ

အထက်တန်း ကျောင်းခွဲသို့ရောက်ရှိပြီး ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံကာ ပညာရေးဆိုင်ရာများ ပံ့ပိုးဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးမှာကြားပြီး ကွမ်းမိုးဒိန်းစံပြကျေးရွာ၏ ဓီဝပါလ ကျေးလက် ဆေးပေးခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းကျွန်း ရေနက်ကွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို)၏ ဖြိုးရော ကုမ္ပဏီလီမိတက် အမှတ်(၁) ငါးမွေးမြူရေးစခန်း သဇင်ရေကျော်သို့ ရောက်ရှိပြီး ငါးမွေးမြူရေးမှ ပြည်တွင်း စားနပ်ရိက္ခာနှင့်နိုင်ငံခြားဝင်ငွေ ရရှိမှုအခြေအနေ၊ မွေးမြူရေးကဏ္ဍ တိုးတက်ဆောင်ရွက်သင့်သည့် အခြေအနေများ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးအား စခန်းတာဝန်ခံက မွေးကန် ဧရိယာအတွင်း ငါးသန်၊ ငါးဖျန်း ပြုစုကန်၊ အသားတိုး မွေးမြူကန်များ၏ ထုတ်လုပ်နိုင်မှုအခြေအနေ တင်ပြချက်အပေါ် တာဝန်ရှိသူ များက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး မွေးမြူကန်များ၏ အခြေအနေများကို အဝေးကြည့်မျှော်စင်မှ ကြည့်ရှုစစ်ဆေးပြီး ကန်လုပ်သားများနှင့် တွေ့ဆုံကာ မွေးမြူရေးကန်များ၌ ဂရုပြုဆောင်ရွက်သင့်သည်များ ဆွေးနွေး မှာကြားသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် သဇင်ရေကျော် ရေနက်ကွင်း အတွင်းဧက ၁၀၀၀ ထပ်မံတူးဖော်၍ မွေးမြူရေးစခန်း တည်ဆောက်သွားမည့် အခြေအနေကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မအူပင်မြို့နယ် ရေနက်ကွင်း (ကျီးမဲကြီး)ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ ဧက ၁၀၀၀ ငါးမွေးမြူရေးစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး စခန်းတာဝန်ခံက မွေးမြူရေးစခန်းတည်နေရာ၊ ကန်များတူးဖော် ပြီးစီးမှုနှင့် မင်းဇာနည်ကုမ္ပဏီက မွေးမြူဆောင်ရွက်သွားမည့် အခြေအနေ တင်ပြချက်အပေါ် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို) မှ ဆောင်ရွက်လျက်ရှိသော မအူပင်မြို့နယ်ရှိ ဖြိုးရော အမှတ် (၂) ငါးမွေးမြူရေးစခန်း (ဝါးတော)သို့ ရောက်ရှိပြီး အသားတိုး မွေးကန် ဖော်ယူပြီးစီး၍ ကန်ပြန်လည် အခြောက်ခံ ပြုပြင်နေမှု အခြေအနေများကိုလည်းကောင်း၊ တစ်နှစ်သား အရွယ် အသားတိုးမွေးကန်မှ ငါးများ၏ ကြီးထွားနှုန်း ချိန်တွယ်စစ်ဆေးမှု အခြေအနေကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး စခန်းရှင်းလင်း ဆောင်၌ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မအူပင် ရေနက်ကွင်းအတွင်း ဧက ၁၀၀၀ မွေးမြူရေးကန်များထပ်မံ ဖော်ထုတ်တူးဖော်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၇ ရက်က တာမွေမြို့နယ် အမှတ်(၂၇)အခြေခံပညာမူလတန်းကျောင်း ပညာရေးစုံညီပွဲတော်အခမ်းအနား၌ တာမွေမြို့နယ် လက်ထောက်ပညာရေးမှူး ဦးမြင့်အောင်က သင်ယူတတ်မြောက်မှုအရည်အသွေးမြင့်မားရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (က–ပ)

ကျိုက္ကစံ ဆံတော်ရှင် ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်အကြို အထူးတရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်တွင် တည်ရှိတော်မူသော သမိုင်းဝင်ကျိုက္ကစံ ဆုတောင်းပြည့်စေတီတော်မြတ်၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၀၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို (၁၃၆၈ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၅ ရက်) ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၆ ရက် အထိ ကျင်းပမည် ဖြစ်ပြီး အကြိုအထူးတရားပွဲများကို စေတီတော်စနေထောင့် ပရိဝုဏ်ရင်ပြင်တော်၌ ညစဉ် ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ရာ ဇန်နဝါရီ ၂၉ ရက်တွင် သီတဂူဗုဒ္ဓတက္ကသိုလ် အရှင်တေဇိန္ဒက၊ ၃၀ ရက်တွင် သီတဂူ ဗုဒ္ဓတက္ကသိုလ် အရှင်ဒေဝိန္ဒာဘိဝံသ၊ ၃၁ ရက်တွင် သီတဂူဗုဒ္ဓတက္ကသိုလ် (ပါမောက္ခချုပ်) ဒေါက်တာနန္ဒမာလာဘိဝံသ၊ ဖေဖော်ဝါရီ ၁ ရက်တွင် သီတဂူ ဗုဒ္ဓတက္ကသိုလ် အရှင်ခေမာသိရီလင်္ကာရ(သီတဂူကြာတစ်ပွင့်) ရွှေပြည်ဟိန်းဆရာတော်နှင့် ဖေဖော်ဝါရီ ၂ ရက်(သောကြာနေ့)တွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာအရှင်ဉာဏိဿရ (သပိတ်အိုင်) ဆရာတော်တို့က တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ပူဇော်ပွဲနှင့် တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်စီမံ အုပ်ချုပ်တော်မူလျက်ရှိသော ဗဟန်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၏ (၄၈)နှစ်ပြည့် အထိမ်းအမှတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁၄ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

တရားပွဲများအဖြစ် ဇန်နဝါရီ ၁၅ ရက် (တနင်္လာနေ့)တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ၁၆ ရက်(အင်္ဂါနေ့) တွင် အရှင်ရာဇိန္ဒ(ရဝေနွယ် အင်းမ)၊ ၁၇ ရက် (ဗုဒ္ဓဟူးနေ့)တွင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ အရှင်သူမြတ်တို့က ညစဉ် ၇ နာရီမှ စ၍ တရားတော်များ ဟောကြားမည်ဖြစ်ရာ ကုသိုလ်ရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲနှင့် တရားပွဲသို့ ကြွရောက်ကြပါရန် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ရမည်းသင်းမြို့ အထက်တန်းကျောင်း ရာပြည့်ပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ရမည်းသင်းမြို့ အထက်တန်းကျောင်း ရာပြည့်ပွဲတော်(၁၉၀၇–၂၀၀၇)ကို ဇန်နဝါရီ ၁၁ ရက်မှ ၁၆ ရက်အထိ အဆိုပါကျောင်း၌ စည်ကားစွာ ကျင်းပမည် ဖြစ်သည်။

ရမည်းသင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ပွဲတော်တွင် ပါဝင်ဆင်နွှဲရန် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်အားပေးကြရန် ရာပြည့်ပွဲတော် ကျင်းပရေးကော်မတီက တိုက်တွန်းနှိုးဆော်ထားသည်။ **(က–ပ)**

အဖျောက်အထက မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အဖျောက် အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၈ နာရီတွင် အဖျောက် အထက ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးယုကြိုင် ဖုန်း–၉၀–၅၁–၆၇၀၀၉၊ ၅၇၂၉၄၃ နှင့် ၅၆၁၀၇၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ငရဲမင်းနှင့် ငမင်းဆွေ

ပြည်ပအသံလွှင့်ဌာနတစ်ခုမှ သတင်းထုတ်လွှင့်ချက်တစ်ခုတွင် တရုတ်ပြည်သည် ကမ္ဘာပေါ်တွင် စတုတ္ထအကြီးဆုံး စီးပွားရေး အင်အားကြီးနိုင်ငံဖြစ်သွားပြီ။ တရုတ်၏အထက်တွင် အမေရိကန်၊ ဂျပန်နှင့်ဂျာမနီတို့သာ ရှိတော့သည်ဟု ပြောသွားသည်ကို ငမင်းဆွေ ကြားလိုက်ရသည်။ ထိုနေ့ညက ငမင်းဆွေ၏ ခေါင်းထဲသို့ ရောက်လာသော အတွေးတစ်ခုမှာ အိမ်နီးချင်း တရုတ်ပြည်ဟာ စီးပွားရေးတစ်ဟုန်ထိုး တိုးတက်ပြီး ခေတ်မီဖွံ့ဖြိုးတဲ့ နိုင်ငံတော်ကြီးဖြစ်လာနေပြီ။ တရုတ် ပြည်သူ ပြည်သားများ လူနေမှုအဆင့်အတန်း မြင့်မားလာကြပြီ၊ သူတို့ တိုင်းပြည်ကလူတွေများ ညီညွတ်လိုက်ကြတာ၊ သူတို့တိုင်းပြည်ကြီးကို အိမ်နီးချင်း ဂျပန်တို့၊ တောင်ကိုရီးယားတို့လို ခေတ်မီတိုးတက်ရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ကြိုးစားလိုက်ကြတာ၊ သူတို့တွေ ညီညွတ်ကြတော့ အင်အားကြီးနိုင်ငံတွေက ဝင်စွက်လို့ မရဘူးပေါ့။ ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံတွေကလဲ အထူးအခွင့်အရေးတွေ ပေးလာရတယ်။ တရုတ်နောက်ကလိုက်လာတာက ဗီယက်နမ်၊ ညီညွတ်ကြတယ်၊ ကြိုးစားကြတယ်၊ ဒါကြောင့် တော်တော်တိုးတက်လာပြီ၊ မြန်မာတွေကတော့ ခုထိ မညီညွတ်ကြသေးဘူး။ ကိုယ့်လူမျိုးတွေ မညီညွတ်ကြလို့ စီးပွားရေး ပိတ်ဆို့ခံနေရတယ်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ဖွံ့ဖြိုးတိုးတက်ဖို့၊ ချမ်းသာဖို့၊ အတူလက်တွဲ ဆောင်ရွက်ကြဖို့ အချိန်တန်တာကြာပြီပဲ။ ဒီလိုမှမလုပ်ဘဲ ဆက်ပြီး အချိန်ဖြုန်းနေဦးမယ်ဆိုရင်တော့ ငါသေသွားတောင်မှ ငါ့နိုင်ငံ၊ ငါ့လူမျိုး ဖွံ့ဖြိုးတိုးတက်ချမ်းသာတာတွေကို တွေ့ရတော့မှာ မဟုတ်ဘူး၊ တယ်လဲ စိတ်ညစ်စရာကောင်းပါလားဟူ၍ ထိုသို့တွေးရင်း တောရင်း သွေးတိုးရောဂါရှိသော ငမင်းဆွေသည် ခေါင်းမူးလာပြီး အိပ်ရာပေါ် လှဲအိပ်လိုက်ရာ ထိုနေ့ညတွင်ပင် ငရဲမင်းရှေ့သို့ ငမင်းဆွေ ရောက်ခဲ့တော့သည်။

ငရဲမင်း - ဟဲ့ ငမင်းဆွေ၊ အသက်တောင်ငါးဆယ်မပြည့်သေးဘူး အသေစောလိုက်တာ။ လူ့ပြည်မှာ မတော့်မတ နေနိုင်လျက်သားနဲ့ မင်းဘဝကို ငါနမြောတယ်။

ငမင်းဆွေ - ကျွန်တော်လဲ နမြောတာပါပဲ အရှင်ငရဲမင်း၊ မသေခင်မှာ မြန်မာပြည်ကြီး ညီညွတ်တိုးတက်တာကို မတွေ့ခဲ့ရလို့ပါ။

ငရဲမင်း - ဘယ်တွေ့ခဲ့မလဲကွာ၊ မင်းတို့မြန်မာတွေမှ မညီညွတ်ကြတာ၊ မင်းတို့နားက ပေါက်ဖော်ကြီးတောင် ညီညွတ်ကြလို့ တိုးတက်ဖွံ့ဖြိုးနေပြီ မဟုတ်လား။ မင်းတို့က ရွှဲကုန်သည် ဇာတ်ထဲကလို မပေး- ပေး- ပေး- ပေး- ငါ့ရွှေခွက်ပေးဆိုပြီး ရွှေခွက်ဟောင်းကြီးကို မိုးလင်းတစ်ခါ၊ မိုးချုပ်တစ်ခါ တောင်းနေကြတာကိုး။ ချမ်းသာလာရင် ရွှေနန်းတော် တစ်ဆိုင်လုံးကို ဝယ်နိုင်တယ်ဆိုတာ မင်းတို့မှ သဘော မပေါက်ကြပဲကိုး။ ကဲ- ဒါတွေ ထားလိုက်ဦး၊ မင်းကို ငါခေါ်လိုက်ရတာက မင်းရဲ့အပြစ်တွေကို စီရင်ဖို့ပဲ။

ငမင်းဆွေ - မှန်လှပါ အရှင်ငရဲမင်း၊ အပြစ်ရှိတဲ့အတိုင်း စီရင်တော်မူပါ။

ငရဲမင်း - မင်းရဲ့မှတ်တမ်းထဲမှာ မင်းဟာ အသက်နှစ်ဆယ်မပြည့်ခင်ကတည်းက ဆားထုတ်လုပ်ငန်းကို လုပ်ခဲ့တယ်။ သေခါနီးမှာလဲ ဂျာနယ်တွေမှာ ဆောင်းပါးတွေ ရေးသွားသေးတယ်။ ဒီနှစ်ချက်က အကောင်းတွေပေါ့ကွာ။ မင်းရဲ့အပြစ်တွေကတော့ မင်းဟာ သူတစ်ပါးပိုက်ဆံကို မတရားနည်းနဲ့ ယူတဲ့ ချဲဒိုင်လုပ်ခဲ့တယ်။ သူတစ်ပါးအသက်ကိုသတ်တဲ့ ငါးမွေးမြူရေးကို လုပ်ခဲ့တယ်။ ဒီအပြစ်နှစ်ခုအတွက် မင်းကို ငရဲပြည်မှာ အပြစ်ပေးရလိမ့်မယ်။ မင်းဘာများ လျှောက်လဲချင်သေးလဲ။

ငမင်းဆွေ - မှန်လှပါ၊ ကျွန်တော် လျှောက်လဲချင်တာကတော့ အရှင်ငရဲမင်းက ကောင်းမှုအလုပ်လို့ သတ်မှတ်တဲ့ ဆားထုတ်လုပ်ငန်းဟာ ပင်လယ်ရေကို ခန်းအောင် နေလှန်းပြီးမှ ဆားဖြစ်ပါတယ်၊ ဒါကြောင့် ပင်လယ်ရေမှာပါတဲ့ ငါး၊ ပုစွန် သားပေါက်အမြောက်အမြားကို သေကျေစေပါတယ်၊ အငန်နှုန်း ၅၀ PPT ကျော်တဲ့ လှန်းထုနဲ့ လှန်းပါးခွက်တွေမှာ ငါးပုစွန်သားပေါက်တွေ အမြောက်အမြား သေကျေကြပါတယ်။

ငရဲမင်း - ဟေ-ဟုတ်သလား၊ ငါ့ကို ဘယ်သူမှ မတင်ပြခဲ့ကြဘူး။

ငါးမင်းဆွေ

ဒါဆို ဆားသမားတွေကိုလဲ အပြစ်ပေးရမှာပေါ့။

ငမင်းဆွေ - မှန်လှပါ၊ ငါး၊ပုစွန်သားပေါက်တွေကို သေစေပြီး တပည့်တော် ဆားလုပ်တာဟာ လူသားတွေစားဖို့ပါ။ နောက်ပြီး တပည့်တော် ငါးမွေးတာဟာလဲ ရဟန်းရှင်လူ ပြည်သူ အပေါင်း စားသုံးဖို့ပါ။ သားငါးဖွံ့ဖြိုး ပြည့်အကျိုးမဟုတ်ပါလား အရှင်ငရဲမင်း။

ငရဲမင်း - ဟော့ကောင် ငမင်းဆွေ၊ ငါ့ကို ဆရာလာလုပ်မနေနဲ့၊ မင်းသူတစ်ပါးအသက်ကို သတ်တဲ့အတွက် အပြစ်ခံရမှာပဲ။

ငမင်းဆွေ - မှန်လှပါ၊ ဒီလိုဆိုလျှင် သန်ချဆေးစားပြီး သန်ကောင်၊ တုတ်ကောင်တွေကို သေအောင်လုပ်တဲ့သူတွေကို အပြစ်ပေးပါသလား၊ အဲဒီစီရင်ထုံးလေး သိပါရစေ အရှင်ငရဲမင်း။

ငရဲမင်း - ဟေ-ငမင်းဆွေ၊ မင်းပြောမှ ငါသတိရတော့တယ်၊ တစ်လောက ငါလဲ ယူနီဆက်ကပေးတဲ့ သန်ချဆေးကို အလကားရလို့ သောက်လိုက်သေးတယ်။ သန်ကောင်၊ တုတ်ကောင် သတ်တာလဲ သူတစ်ပါးအသက် သတ်တာပဲ၊ မင်း ငါးသတ်တာကမှ မင်းလဲအကျိုးရှိ လူတကာလဲ စားရသေးတယ်၊ ငါသန်ကောင် သတ်တာက ငါတော့ အကျိုးရှိပါရဲ့၊လူတကာစားလို့မရဘူး၊ ဒီလိုဆို ငါပါ ငရဲသားဖြစ်တော့မယ်။ မဖြစ်ပေဘူး။ ဟဲ့-ငရဲခန်းထဲမှာရှိနေတဲ့ မွေးမြူရေးသမားတွေ အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးဖို့ အမိန့်ထုတ်စမ်း။

ငမင်းဆွေ - ဝမ်းသာလိုက်တာ အရှင်ငရဲမင်းရယ်၊ ဒီသတင်းကို ဂျာနယ်တိုက်တွေကို အရှင်ငရဲမင်းရဲ့ဖက်စ်နှင့် ပို့ခွင့်ပြုတော်မူပါ။

ငရဲမင်း - အေး-ပို့ခွင့်ပြုတယ်၊ ဂျာနယ်တစ်စောင်တော့ ငါ့ကို လက်ဆောင်ပေးပေါ့ကွာ၊ ဟဲ...ဟဲ...ဟဲ၊ မင်းဟာ ငရဲပြည်ရောက်တောင်မှ သတင်းက ရေးချင်နေသေးတယ်။ ဒါတွေထားဦး၊ မင်းရဲ့ ချဲဒိုင်လုပ်ခဲ့တာကိုကော ဘယ်လို ထုချေမလဲ။

ငမင်းဆွေ - မှန်လှပါ၊ တပည့်တော်ဟာ ချဲဒိုင်လုပ်ပြီး သူတစ်ပါး ငွေကြေးကို မတရားနည်းနဲ့ ယူခဲ့ပါတယ်။ ဒီလိုမတရား ရလာတဲ့ငွေတွေဟာလဲ ၉၁၆ ထွက်တော့ ပြန်ကုန်သွားတဲ့ အပြင် စီးတဲ့ကားပါ ပါသွားခဲ့ပါတယ်။ ချဲထိုးတာရော ဒိုင်လုပ်သူပါ အကျိုးမရှိကြဘဲ ကြားက လင်းတများသာ စားသွားတာကိုသိပြီး ချဲဒိုင်အလုပ်ကို နားခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တပည့်တော် ချဲကြီးခြောက်ပတ်တိတိ ဒိုင်ကိုင်ခဲ့တာ အပြစ်ရှိပါတယ်၊ ထိုက်သင့်သော အပြစ်ဒဏ်ကို ပေးတော်မူပါ အရှင်ငရဲမင်း။

ငရဲမင်း - ကောင်းပြီ အမိန့်ချမယ်၊ တရားခံငမင်းဆွေအား ချဲဒိုင်လုပ်သည့်အတွက် ငရဲပြည်တွင် သုံးနှစ် ပြစ်ဒဏ်ကျခံစေ။ ပြစ်ဒဏ်ကျခံစဉ်ကာလ၌ ငရဲအပတ်စဉ်ဂျာနယ်မှာ သတင်းရေးသမားအဖြစ် အမှုထမ်းစေ။

ငမင်းဆွေ - မှန်လှပါ၊ငရဲပြည်မှာ အပြုသဘောသတင်းတွေ ရေးသားခွင့်ရှိပါမှ သတင်းရေးသမား လုပ်ပါရစေ၊ နို့မဟုတ်ရင် လူ့ပြည်ပြန်ပြီး ဂျာနယ်တွေမှာပဲ ပြန်ရေးပါရစေ အရှင်ငရဲမင်း။

ငရဲမင်း - ကောင်းပြီ၊ ငမင်းဆွေ၊ မင်းဆီကရတဲ့ သတင်းအချက်အလက်မှန်တွေကြောင့် ပြုပြင်ရမယ့်ဟာတွေကို သိခဲ့ရပြီး ချို့ယွင်း အားနည်းချက်တွေကို အချိန်မီပြင်နိုင်ခဲ့တယ်။ သတင်းလွတ်လပ်ခွင့်ဆိုတာ အခြေအနေ အတိုင်းအတာအရ ရှိလာရမှာပဲကွ။ ဒါကြောင့် စည်းနဲ့ကမ်းနဲ့ အတိုင်းအဆနဲ့တော့ ချင့်ချင့်ချိန်ချိန် လုပ်ကြပေါ့ကွာ။

ငမင်းဆွေ - မှန်လှပါ၊ ကျေးဇူးကြီးလှပါပေတယ်၊ သတင်းလွတ်လပ်ခွင့် ပေးသော်လဲပဲ ကျွန်တော်တို့ သတင်းသမားတွေက ပရမ်းပတာ စည်းလွတ်ဝါးလွတ် မရေးပါဘူး အရှင်ငရဲမင်း။

ငရဲမင်း - ကြားရတာ နှလုံးစိတ်ဝမ်း အေးချမ်းလိုက်တာ။ ဒါနဲ့ မင်း ခုစရေးမယ့် သတင်းခေါင်းစဉ် ငါသိချင်တယ်။

ငမင်းဆွေ - မှန်လှပါ၊ ကျွန်တော်ရေးမယ့် သတင်းခေါင်းစဉ်ကတော့ **"ညီညွတ်ကြလျှင် ချမ်းသာမည်၊ ရန်ဖြစ်နေလျှင် ဆင်းရဲမည်"** ဖြစ်ကြောင်းပါ။

ငရဲမင်း - ကောင်းလေစွ၊ ကောင်းလေစွ။ ဒါဆို အဲ့ဒီသတင်းကို မင်းတို့ လူ့ပြည်မှာ မင်းပြန်ရေးပေတော့။ အခြားသတင်းသမားတွေကိုလဲရေးခိုင်း၊မင်းတို့သတင်းသမားဆိုတဲ့ လူတွေဘက်ကလဲ **"ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ"** သတင်းတွေနဲ့ လူ့ပြည်ကိုချောက်မချဖို့ ငါ မှာလိုက်တယ်လို့ပြော၊ သတင်းသမားဆိုသူတွေ **"သတင်းပါရာဇိကံ"**ကျလို့ ငရဲပြည် ရောက်လာရင် မလွယ်ဘူးနော်။

ဤသို့ဖြင့် ငမင်းဆွေတစ်ယောက် သေကံမရောက် သက်မပျောက်ဘဲ လူ့ပြည်သို့ ပြန်ရောက်ခဲ့ပါသည်။ လူ့ပြည်သို့ ပြန်ရောက်ရောက်ချင်း အိပ်ရာမှ ငေါက်ခနဲ ထထိုင်ကာ မိမိတို့မသေမီ မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ချမ်းသာရေးအတွက် ကိုယ့်အချင်းချင်း အငြင်းမပွား၊ အချင်းမများကြဘဲ ညီညီညွတ်ညွတ် လက်တွဲလုပ်ဆောင်ကြရေး သတင်းပေးဖို့ ဤဆောင်းပါးကို ရေးသားလိုက်ရခြင်းဖြစ်ပါသည်။ ။

အကြိုအခြေခံမီးသတ်သင်တန်းဆင်းပွဲ သဃ်န်းကျွန်းမြို့နယ်တွင် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ် အရန်မီးသတ်တပ်ရင်းရုံးတို့ ပူးပေါင်းကျင်းပသော အကြိုအခြေခံ မီးသတ်ပညာ သင်တန်း အမှတ်စဉ် (၁/၂၀၀၆)သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ရက် ညနေ ၄နာရီက ငမိုးရိပ်ရပ်ကွက် သင်တန်းလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ ရှေးဦးစွာ အရှေ့ပိုင်းခရိုင် ဇုန်နယ်မြေမှူး ဦးကျော်ကျော်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ် ဦးစီးမှူး ဦးရဲမင်းထွဋ်က သင်တန်းဆင်း တပ်ဖွဲ့ဝင်များအား ထူးချွန်ဆုနှင့် (၀ဲပုံ) သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး မြို့နယ်အရန်မီးသတ်တပ်ရင်းမှူး ဦးခင်မောင်ထွန်းက သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုပစ္စည်းများ ပေးအပ်သည်။ (၀၅၂)

ဆုချီးမြှင့်

ဇန်နဝါရီ ၄ရက်က (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲတွင် ပထမဆုရ ကလေးတစ်ဦးအား ဒေါပုံမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မာလာလွင်က ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

အားကစားပြိုင်ပွဲ ပထမဆုရ

ဇန်နဝါရီ ၃ရက်က ဗဟန်းမြို့နယ် အမှတ်(၁၀)အခြေခံပညာ မူလတန်းကျောင်း ပညာရေးစုံညီပွဲတော် ဆုပေးပွဲကို ကျောင်းခန်းမတွင် ကျင်းပရာ အားကစားပြိုင်ပွဲ ပထမဆုရ သူငယ်တန်းကျောင်းသား မောင်သက်ဦးလှိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းယဉ်က ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

အက်ဖ်အေဖလားတတိယအဆင့်ပွဲစဉ်များ ဆက်လက်ကစား ဘလက်ဘန်းက အဲဗာတန်ကို လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရ

ရေးသားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဇန်နဝါရီ ၈

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ တတိယအဆင့်ပြိုင်ပွဲများကို ဇန်နဝါရီ ၈ရက်က ဆက်လက်ကစားရာ ဘလက်ဘန်းအသင်းက အဲဗာတန်အသင်းကို အနိုင်ရရှိကာ မန်စီးတီးနှင့်ရှက်ဖီးဝက်နက်စ်ဒေးတို့ တစ်ဂိုးစီသရေပွဲဖြစ်ပြီး ကာဒစ်နှင့် တော့တင်ဟမ်ဟော့စပါးတို့လည်း ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။

ကာဒစ်နှင့် စပါးတို့ပွဲတွင် ကာဒစ်မှ သွမ်ဆင် (ဝဲ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။
(ဓာတ်ပုံ-အင်တာနက်)

အဲဗာတန်နှင့် ဘလက်ဘန်း

အဲဗာတန်တို့အိမ်ကွင်း၌ မရှုမလှ ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ အဲဗာတန်တိုက်စစ်မှူး ဂျွန်ဆင်၊ အနီချီဘီနှင့်မေဒီတို့က ဘလက်ဘန်းနောက်တန်းကိုထိရောက်သော ထိုးဖောက်မှုများပြုလုပ်နိုင်ခဲ့သော်လည်း ချေပဂိုးများပြန်မသွင်းနိုင်ခဲ့ချေ။

ဘလက်ဘန်းသည် အဝေးကွင်း၌ မမျှော်လင့်ဘဲခြေစွမ်းပြကစားနိုင်ခဲ့ရာ ပွဲချိန်ငါးမိနစ်မှာပင် ဒါဘောရေးက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဘလက်ဘန်းတို့ကွင်းလယ်ကစားကွက်စီးမိပြီး ဆက်တိုက်ထိုးဖောက်ကစားနိုင်ခဲ့ရာ ပွဲချိန်၂၁မိနစ်၌ ဘလက်ဘန်းကွင်းလယ်ကစားသမား ပီဒါဆင်က တစ်ဂိုး၊ ၃၈မိနစ်တွင် ဂါလက်ဟာကတစ်ဂိုး ဆက်တိုက်သွင်းယူခဲ့သဖြင့် ပထမပိုင်းပွဲချိန်အတွင်းမှာပင် ဘလက်ဘန်းတို့ သုံးဂိုး ပြတ်သွင်းထားနိုင်ခဲ့သည်။



အဲဗာတန်နှင့် ဘလက်ဘန်းတို့ပွဲတွင် အဲဗာတန် တိုက်စစ်မှူး ဂျွန်ဆင် ပယ်နယ်တီ ပြစ်ဒဏ်ဘောကို ကန်သွင်းယူစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အဲဗာတန်အသင်းသည် ဒုတိယပိုင်း၌ ချေပဂိုးများရရှိရေးကစားရှိန်မြင့်တင်ခဲ့ပြီး ဘလက်ဘန်းဘက်သို့ တိုက်စစ်ဆင် ကစားခဲ့ရာ ပွဲချိန် ၆၉ မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောကို ရရှိခဲ့သည်။ ယင်းပယ်နယ်တီပြစ်ဒဏ်ဘောကိုတိုက်စစ်မှူးဂျွန်ဆင်က သွင်းယူခဲ့သဖြင့် ချေပဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အဲဗာတန်တို့ ဆက်တိုက်ဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်မှူးဂျွန်ဆင်၏ ကန်သွင်းချက်များ အပေါ်ထွက်ဘောထောင်ဖြစ်ခဲ့မှုနှင့် ဘလက်ဘန်းဂိုးသမားကာကွယ်နိုင်မှုကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ ဘလက်ဘန်းအတွက် စတုတ္ထဂိုးကိုပွဲချိန်မိနစ် ၉၀တွင် တိုက်စစ်မှူးမက်ကာသေးကသွင်းယူခဲ့သဖြင့် ဘလက်ဘန်းတို့အဝေးကွင်း၌လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ရှက်ဖီးဝက်နက်စ်ဒေးနှင့် မန်စီးတီး

ခြေအတက်အကျ မမှန်သည့် ရှက်ဖီးဝက်နက်စ်ဒေးအသင်းကို မန်စီးတီးတို့အနိုင်မကစားနိုင်ခဲ့ချေ။ မန်စီးတီးသည် အဝေးကွင်း၌ အထနေးတတ်ပြီးခြေပေါ်အောင်လည်းမကစားနိုင်ရာ သရေပွဲဖြစ်အောင် ကြိုးစားကစားခဲ့ရသည်။

မန်စီးတီးတွင် ဆာမာရက်စ်၊ ဗက်ဆဲလ်နှင့် ဘာစလေတို့က တွန်းတွန်းတိုက်တိုက် ထိုးဖောက် ကစားသော်လည်း ရှက်ဖီးဝက်နက်စ်ဒေး ခံစစ်မှူးများကြောင့် စိတ်တိုင်းကျ ထိုးဖောက်ကစားနိုင်ခြင်း မရှိချေ။

မန်စီးတီး တိုက်စစ်ကို ရှက်ဖီးဝက်နက်စ်ဒေးတို့ ဟန့်တားကစားရင်း ပွဲချိန် ၇၈မှတ်၌ရှက်ဖီးဝက်နက်စဒေးမှ ရစ်ချက်ကအဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ မန်စီးတီးတို့ ချက်ချင်းပင် တန်ပြန်တိုက်စစ်ဆင်ခဲ့ရာ မန်စီးတီးတိုက်စစ်မှူး ဆာမာရက်စ်က ချက်ချင်းပင် ချေပဂိုးပြန်သွင်းယူခဲ့သည်။ မန်စီးတီးတို့ အနိုင်ဂိုးရရှိရေးကြိုးစားခဲ့သော်လည်း ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။

ကာဒစ်နှင့် တော့တင်ဟမ်ဟော့စပါး

စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်နှင့် ဂျာမိန်းဒီဖိုးတို့ အခွင့်အရေးကောင်းများရရှိခဲ့သော်လည်း တစ်ဂိုးမျှ မသွင်းနိုင်ခဲ့ချေ။ စပါးတိုက်စစ်မှူးများ၏ ထိုးဖောက်ကစားမှုကို ကာဒစ်ခံစစ်မှူးများဖြစ်သည့် အလက်ဇန္ဒား၊ ဂီလ်ဘတ်၊ လိုဗက်စ်နှင့် ပူလ်စီတို့က ကောင်းကောင်းဟန့်တားနိုင်ခဲ့သည်။

စပါးတို့ဘောလုံး ပိုင်ဆိုင်မှုများများဖြင့် ကစားနိုင်သော်လည်း ထိရောက်သော ဂိုးသွင်းမှုများမရရှိခဲ့သဖြင့် ဂိုးမရရှိ ခဲ့ခြင်းလည်းဖြစ်သည်။ စပါးသည် ပွဲချိန် ၆၇မိနစ်၌ မူရာဖီအစား လီနွန်၊ ဒီဖိုးအစား ကိန်းတို့ဖြင့်အစားထိုး ကစားခဲ့သော်လည်း ပွဲရလဒ်ကို မပြောင်းလဲနိုင်သဖြင့် ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

ရှက်ဖီးဝက်နက်စ်ဒေးနှင့် မန်စီးတီးတို့ပွဲတွင် မန်စီးတီးမှ ရစ်ချပ်ဒွန်နေ (ယာ) ဤသို့ ဟန့်တားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ဂန္ထဝင်ဂိုးသမားကြီး အိုလီဗာခမ်း ၂၀၀၈ခုနှစ်၌ အနားယူတော့မည်

စုစည်းတင်ပြသူ
မြင့်မောင်စိုး

မြူးနစ် ဇန်နဝါရီ ၈

ဘိုင်ယန်မြူးနစ် ဂိုးသမားကြီး အိုလီဗာခမ်းသည် ဂျာမနီဘောလုံးသမိုင်းတွင် ဂန္ထဝင်ဂိုးသမားကြီးတစ်ဦးဖြစ်သည်။ ၎င်းက ၂၀၀၈ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ် သက်တမ်းကုန်ဆုံးချိန်တွင် ဘောလုံးကစားခြင်းမှ အနားယူတော့မည်ဖြစ်ကြောင်း ကြေညာလိုက်သည်ကို ဇန်နဝါရီ၇ရက်က အင်တာနက်တွင် သတင်းဖော်ပြထားသည်။

ဘိုင်ယန်မြူးနစ် ဂိုးသမားကြီး အိုလီဗာခမ်း။
(ဓာတ်ပုံ-အင်တာနက်)

ဦးဆောင်ကစားပေးခဲ့

အသက်၃၇နှစ်ရှိအိုလီဗာခမ်းသည် ဂျာမနီအသင်းကို အသင်းခေါင်းဆောင်အဖြစ်ဦးဆောင်ကစားပေးခဲ့ရာ ပွဲပေါင်း ၈၆ပွဲ အနိုင်ရခဲ့သည်။

၎င်းသည် ပြီးခဲ့သော ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအပြီး ဂျာမနီလက်ရွေးစင် ဘောလုံးအသင်းမှ အနားယူခဲ့ပြီဖြစ်သည်။ သို့သော်လည်း ၎င်းသည် ကလပ်အဆင့်ပြိုင်ပွဲများအတွက် နောက်ထပ် နှစ်နှစ်ဆက်ကစားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။ မိမိအနေဖြင့် အသက်အရွယ်ရလာပြီဖြစ်၍ ၂၀၀၈ခုနှစ်အထိသာ ကစားနိုင်တော့မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆွတ်ခူးနိုင်

ခမ်းသည် ၁၉၉၄ခုနှစ်က ဘိုင်ယန်မြူးနစ်သို့ရောက်ရှိလာပြီး ပွဲပေါင်း၅၁၆ပွဲ ကစားပေးခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းအား ဖလားကြီး၁၄လုံးဆွတ်ခူးနိုင်ရန် ကြိုးစားပေးခဲ့သည်။ ယင်းဖလား၁၄လုံးတွင် ဂျာမန်လိဂ်ဖလားခုနစ်လုံး၊ ဂျာမန်ဖလား ငါးလုံး၊ ၂၀၀၁ခုနှစ်က ချန်ပီယံလိဂ် ဖလားပွဲနှင့် ၁၉၉၆ခုနှစ်က ယူအီးအက်ဖ်အေဖလားများ ဖြစ်သည်။ **(အင်တာနက်)**

မာဆေးရောက် လီဗာပူးတိုက်စစ်မှူး ဆစ်ဆေး ခြေစွမ်းပြပြီး ဟက်ထရစ်ဂိုးသွင်း



မာဆေးရောက် လီဗာပူး တိုက်စစ်မှူး ဆစ်ဆေး။
(ဓာတ်ပုံ-အင်တာနက်)

မာဆေး ဇန်နဝါရီ ၈

လီဗာပူးအသင်းမှ ပြင်သစ်ကလပ် မာဆေးအသင်းသို့ အငှားချထားသော တိုက်စစ်မှူး ဆစ်ဆေးသည် မာဆေးအသင်းက ကမ်ဘရိုင်းအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲတွင် ဟက်ထရစ် ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

အငှားချ

ပြင်သစ်လက်ရွေးစင်အသင်း တိုက်စစ်မှူး ဆစ်ဆေးအား လီဗာပူးအသင်းက ခြေကျိုးခဲ့ပြီးနောက် ပြင်သစ်ပထမတန်း မာဆေးတွင် အငှားချထားခဲ့သည်။

၎င်းသည် ယခုအခါ ခြေထောက်ကျိုးရာမှ ပြန်ကောင်းလာပြီဖြစ်၍ မာဆေးအသင်းအတွက် လေးပွဲမြောက်ပွဲအဖြစ် ပါဝင်ကစားခဲ့ခြင်း ဖြစ်သည်။

ဆစ်ဆေးသည် လီဗာပူးအသင်းနှင့် နှစ်နှစ်ခွဲစာချုပ်ထားသည်။ ၎င်းအား လီဗာပူးနည်းပြ ဘင်နီတက်ဇ်က မျက်နှာသာပေးမှုနည်းသည်။ သို့သော်လည်း ၎င်းသည် အင်န်ဖီးလ်သို့ ပြန်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ပြင်သစ်လက်ရွေးစင် နာမည်ကြီးဘောလုံးသမားရစ်ဘာရီသည်လည်း ယခုလအတွင်း၌ ပရီမီယာလိဂ်သို့ လာရောက်ကစားရန် အဆက်အသွယ်ပြုလုပ်ခဲ့သည်ဟုဆိုသည်။ သို့သော်လည်း ၎င်းသည် မာဆေးအသင်း၏ ပင်တိုင်ကစားသမားဖြစ်နေ၍ ပြောင်းရွှေ့ကစားရန် အခက်အခဲကြုံတွေ့နေသည်ဟု ဆိုသည်။ **(အင်တာနက်)**

အက်စ်တွန်ဗီလာ တိုက်စစ်မှူး မီလန်ဘားရို့စ် စပိန်သို့ ပြောင်းရွှေ့မည်ဆိုသည်ကို ငြင်းဆို

လန်ဒန် ဇန်နဝါရီ ၈

အက်စ်တွန်ဗီလာတိုက်စစ်မှူး မီလန်ဘားရို့စ်။
(ဓာတ်ပုံ-အင်တာနက်)

အက်စ်တွန်ဗီလာတိုက်စစ်မှူး မီလန်ဘားရို့စ်သည် စပိန်ကလပ် ရီးရဲဆိုစီဒက်သို့ပြောင်းရွှေ့ရန် အခွင့်အလမ်းရှိသည်ဆိုသောသတင်းကို ၎င်းအနေဖြင့် ငြင်းဆိုခဲ့သည့်အပြင် အခြားမည်သည့်အသင်းများမှ ကမ်းလှမ်းချက်ကိုမျှ လက်ခံလိမ့်မည်မဟုတ်ကြောင်း ၎င်း၏အေးဂျင့်ကပြောကြားလိုက်သည်။

မီလန်ဘားရို့စ်သည် ရီးရဲဆိုစီဒက်အသင်း၏ ကမ်းလှမ်းချက်ကို လက်မခံခဲ့ကြောင်း ၎င်း၏အေးဂျင့် ပါဗယ်ပါစကာက ပြောကြားလိုက်သည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးရန်အကြောင်း မရှိကြောင်း၊ လက်ရှိအသင်း၏ ကမ်းလှမ်းမှုကိုသာ တန်ဖိုးထားလက်ခံမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အက်စ်တွန်ဗီလာ အသင်းနည်းပြ မာတင်အိုနေးလ်ကလွန်ခဲ့သော ၁၈လက လီဗာပူးအသင်းမှ ပေါင်၇သန်းဖြင့်ခေါ်ယူခဲ့သောဘားရို့စ် အသင်း၌ ဆက်နေရန် မသေချာကြောင်း မကြာမီက ပြောကြားခဲ့သည်။

မေးခွန်းမေးစရာ

ဘားရို့စ်သည် ယခုနှစ်ရာသီတွင် မာတင်အိုနေးလ် လက်ထက်တွင် ၁၈ပွဲပါဝင်ကစားပေးခဲ့သည်။ တိုက်စစ်မှူးတစ်ယောက်သည် ဂိုးများမသွင်းပေးနိုင်လျှင် မေးခွန်းမေးစရာများဖြစ်လာကြောင်း အက်စ်တွန်ဗီလာနည်းပြက ပြောကြားသည်။ **(အင်တာနက်)**

ဂုဏ်ယူဝမ်းမြောက်ခြင်း

သီဟသုဓမ္မဇောတိကဓဇ၊ သီရိသုဓမ္မဇောတိကဓဇ ဦးခင်မြင့် စံရွှေးတန်းလမ်း၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ **ဒုတိယဥက္ကဋ္ဌ (စီမံခန့်ခွဲရေး)သုံးဆယ်မြို့အသင်း(ရန်ကုန်)** အား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာ အမှတ် (၂/၂၀၀၇)ဖြင့် **လူမှုထူးချွန်တံဆိပ်(ပထမဆင့်)** ဂုဏ်ထူးဆောင်တံဆိပ် အပ်နှင်းခြင်းနှင့် **လူမှုထူးချွန်(တတိယဆင့်) ဦးလှထွန်း** စံချိန်မီနို့ဆီချက်စက်ရုံ၊ အမြန်ယာဉ်၊ ရွှေငွေရတနာဆိုင်၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ **ဒုတိယဥက္ကဋ္ဌ (စည်းရုံးရေး-၁) သုံးဆယ်မြို့အသင်း(ရန်ကုန်)** အား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၇) ဖြင့် **သုဓမ္မဇောတိကဓဇ** သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် အပ်နှင်းခြင်းခံရသည့်အတွက် သုံးဆယ်မြို့အသင်း(ရန်ကုန်)အနေဖြင့် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို သက်ရှည်ကျန်းမာစွာဖြင့် ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
သုံးဆယ်မြို့အသင်း(ရန်ကုန်)။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ စက်ရုံများအတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါပိတ်ရက်နှင့်အချိန်
(က)	156(T)	Installation of Fire Fighting System	1 Lot	၂၂-၁-၂၀၀၇ (၁၆:၀၀)နာရီ
(ခ)	158(T)	မီးဖျားပိုက်	2200 Nos	၁၂-၁-၂၀၀၇ (၁၆:၀၀)နာရီ
(ဂ)	162(T)	Alcohol Plant	1 Set	၂၂-၁-၂၀၀၇ (၁၆:၀၀)နာရီ
(ဃ)	164(T)	Anhydrous Alcohol Plant	1 Set	၂၂-၁-၂၀၀၇ (၁၆:၀၀)နာရီ
(င)	168(T)	1 Ton Boiler ၏ Diesel Burner အား Fuel Oil Burner System ပြောင်းလဲခြင်း	1 Set	၂၂-၁-၂၀၀၇ (၁၆:၀၀)နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၉-၁-၂၀၀၇ရက်မှစ၍ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့စားသောက်ကုန်လုပ်ငန်း(ရောင်းဝယ်ရေးဌာန)
ရုံးအမှတ် ၃၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၀၆၇။
၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၆၁၀၅၄။

လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်က ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မဇောတိကဓဇဘွဲ့** ကို ဖခင်ကြီး **ဦးကျော်အေး** (ကျော် ကားပစ္စည်းဆိုင်၊ မိတ္ထီလာမြို့)အား ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံအကျိုး၊ သာသနာ့အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားသမီးများ-

ကိုစိုးဝင်း-မခင်တိုး၊
ကိုစိုးမင်း-မလွင်လွင်ညွှန့်(ခ)မပြုံးပြုံး၊
ဗိုလ်မှူးသိန်းဝင်း-မမိုးမိုးအေး၊
ကိုဖြိုး-မမိုးမိုးဝင်း။

လှိုက်လှိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်ကြောင်း

သူငယ်ချင်း ဦးမိုးဇော်၏ချစ်ဇနီး **ဒေါ်နွဲ့နွဲ့စန်း** (ပါတိတ်တိုင်းပြည်) အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၇ဖြင့် “**သီရိသုဓမ္မသင်္ဂီ**” ချီးမြှင့်အပ်နှင်းခြင်းကို ထိုက်ထိုက်တန်တန် ခံယူရရှိပါသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နောင်တွင်လည်း သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် နိုင်ငံ့အကျိုး၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုလိုက်ပါသည်။

ဦးသစ်ဆန်း-ဒေါ်သန်းရွှေ(မိသားစု)။

အထူးဝမ်းမြောက်ဂုဏ်ယူခြင်း ဆုမွန်လွှာ

နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်သည့် **လူမှုထူးချွန်ဂုဏ်ထူးဆောင်တံဆိပ် (တတိယဆင့်)** ကို **ဒေါ်အေးအေးသန်း** တွဲဖက်အတွင်းရေးမှူး မုံရွာမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း စစ်ကိုင်းတိုင်းအားချီးမြှင့်ရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် လူမှုရေးလုပ်ငန်းများကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- **မုံရွာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဒေါ်ခိုင်ခိုင်ရှိန်(ဥက္ကဋ္ဌ)၊ ဒေါ်မမသူဇာ(ဒုတိယဥက္ကဋ္ဌ)၊ ဒေါ်ခင်အုန်းမြင့်၊ ဒေါ်ယဉ်ကြည်၊ ဒေါ်ခင်မြင့်၊ ဒေါ်ခင်မြဖူး၊ ဒေါ်သန်းမြ (အညို)၊ ဒေါ်ဝင်းဝင်းထွေး၊ ဒေါ်ချိုချိုအေး၊ ဒေါ်နီနီထွန်း၊ မမြင့်မြင့်ဦး၊ မမာလာ၊ မစန္ဒာစိုး၊ မခင်မြို့ကြည်၊ မကြည်ပြာအေး၊ မစန်းစန်းအုန်း (မုံရွာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း)။**

[illegible]

[illegible]
" STAR " [illegible]
[illegible]
ကို
[illegible] (တတိယဆင့်)
[illegible]

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဇန်နဝါရီ ၈

ဇန်နဝါရီ ၈ရက် မြန်မာစံတော်ချိန် ၁၉နာရီ ၂၁မိနစ် ၀၂ စက္ကန့် တွင် ကမ္ဘာအေး မြေငလျင်စခန်း၏တောင်ဘက် ၆၅၅မိုင်ခန့် ကွာဝေးသောနေရာ(မြန်မာနိုင်ငံပြင်ပ)ကိုဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး၅ဒသမ၇အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင် တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

(သတင်းစဉ်)

ရေးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၈

ရေးမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၅-၂၀၀၆ခုနှစ် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကိုဇန်နဝါရီ ၂၇ရက်(စနေနေ့) နံနက်၉နာရီတွင် ဗဟန်းမြို့နယ် ၃လမ်း ရွှေတိဂုံဘုရား အရှေ့မုခ်ရှိ ခေမာရာမသီလရှင်စာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

အသင်းသူ အသင်းသားများနှင့် မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် အသက် ၇၅နှစ်အထက် အသင်းသူအသင်းသားများ၏အမည်စာရင်း၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ကြသူ ကျောင်းသူကျောင်းသားများ စာရင်းကို ဇန်နဝါရီ၂၀ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးဝါရှိန် ဖုန်း-၂၅၀၃၃၂၊ အတွင်းရေးမှူး ဦးဖေအောင် ဖုန်း-၅၇၀၀၆၂၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းတင် ဖုန်း-၅၇၂၅၄၂၊ ဦးသက်ဝေ ဖုန်း-၅၄၈၃၇၅၊ ဒေါ်ခင်စောမြင့် ဖုန်း-၅၀၁၅၁၇၊ ဒေါ်မိဆန် ဖုန်း-၀၉၉၉-၂၀၃၁၈တို့သို့ ဆက်သွယ်သတင်းပို့ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

အထက(၂)ကမာရွတ်(ယခင်စိန့်ဩဂုတ်စတင်းကျောင်း) တွင် ၁၉၅၈ခုနှစ်မှ၁၉၈၀ပြည့်နှစ်အတွင်း တာဝန် ထမ်းဆောင်ခဲ့ကြသော လုပ်သက် ၂၅ နှစ်အထက် ဆရာဆရာမကြီးများ၊ ၂၀၀၃ ခုနှစ်တွင် အသက် ၆၀ပြည့်ပြီးသော ဆရာဆရာမကြီးများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသောကျောင်းအုပ်ကြီးများအား နဝမအကြိမ်မြောက်ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၁၃ရက်(စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းရှိ နှင်းဆီခန်းမ၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဦးအောင်ဇော်မြင့် ဖုန်း-၀၉-၅၀၀-၅၃၆၆၊ ဦးဗိုလ်ကြည် ဖုန်း- ၀၉၉၉-၂၅၃၃၊ ဒေါ်နီနီမာ ဖုန်း-၀၉-၅၁၀-၆၉၄၇၊ ဦးပီတာဘသိန်း ဖုန်း-၆၆၆၆၉၅၊ ဒေါ်မော်မော်မြင့် ဖုန်း-၅၀၁၆၆၃၊ Ex-၄၅၈ အကျိုးတော်ဆောင် အဖွဲ့တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း (M.D, Dana Aung Production Co., Ltd.) ၏ ဇနီး ရှေ့နေချုပ်ရုံး **ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ချိုအုန်း** အား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၇) ဖြင့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် သာသနာတော်ဆိုင်ရာ **"သီရိသုဓမ္မသင်္ဂဟ"**ဘွဲ့ကို ချီးမြှင့်ခံရခြင်းအတွက် မိသားစုနှင့်ထပ်တူ လှိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိပါသည်။ သာသနာအကျိုး၊ နိုင်ငံအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုအပ်ပါသည်။

Dana Aung Production Co., Ltd.

ရန်ကုန်၊ မုံရွာ၊ မကွေးရုံးဝန်ထမ်းနှင့် မိသားစုများ။

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

အစ်ကို သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း (မန်နေဂျင်းဒါရိုက်တာ၊ ဓနအောင်ကုမ္ပဏီ)၏ ဇနီး အစ်မ **ဒေါ်ခင်ချိုအုန်း** (ဒုတိယညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)အား နိုင်ငံတော်က **"သီရိသုဓမ္မသင်္ဂဟ"**ဘွဲ့ ချီးမြှင့်ခံရသည့်အတွက် မိသားစုနှင့်ထပ်တူ လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သာသနာအကျိုး၊ နိုင်ငံတော်အကျိုးဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်တောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

ညီ ကိုမြကြိုင်၊

ညီမ သင်းသင်းအေး၊ ယဉ်ယဉ်နွယ်မိသားစု။

မြတ်ဆုမွန်

ဦးကိုကိုအေး - အုပ်ချုပ်မှုဒါရိုက်တာ

(အမျိုးသားစက်သီးလေ့ကျင့်ရေး (မြန်မာ) လီမိတက်နှင့် မြစည်သူထရေးဒင်းကုမ္ပဏီလီမိတက်) အား ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၇ဖြင့် **သီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့ချီးမြှင့်ခြင်း ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်အနာဂတ်တွင်လည်း ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့ကျန်းမာ ချမ်းသာစွာဖြင့် သာသနာအကျိုး တိုင်းပြည်အကျိုးတို့ကို ကြံတိုင်း ဆောင်တိုင်း ပြီးမြောက်အောင်မြင်စေကြောင်း ပါရမီကြည်ဖြူ ပြည့်ဆည်းလျက် မြတ်ဆုတောင်း ဂုဏ်ပြုအပ်ပါသည်။

ဇနီး- ဒေါ်သီသီနိုင် -သားကြီး-ကျော်ကိုကိုချစ်- သားငယ်-ကျော်ကိုကိုဟိန်း

ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ၁၉၈၄-၉၀ ပြည့်နှစ်

ကျောင်းသူ ကျောင်းသားများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများ အောက်ပါအစီအစဉ်အတိုင်း စုံညီစွာတက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃-၁-၂၀၀၇ ရက် (စနေနေ့)

အချိန် - နံနက် ၉း၀၀ နာရီ

နေရာ - **Dolphin Restaurant**

မြေပဒေသာကျွန်း၊ ကန်တော်ကြီး၊ ဗဟန်းမြို့နယ်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဒေါ်နီလာရွှေ (ကြာငါးနိုင်သက်နှံးတိုက်)သည် (၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့တွင်နိုင်ငံတော်က ချီးမြှင့်ပေးအပ်သည့် **သီဟသုဓမ္မသိင်္ဂဟဘွဲ့** အား ထိုက်တန်စွာ ရရှိသည့် အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် နောင်တွင်လည်း သာသနာတော်အကျိုးကိုဆတက်ထမ်းပိုးတို့၍ ဆောင်ရွက်နိုင်ပါကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်ခင်ပွန်း - **သီရိသုဓမ္မမဏိဇောတဓရ ဦးညွှန့်ဝေ**

ချစ်သား - **မောင်မြတ်နိုးအောင်** - တတိယနှစ် ဆေး(၁)

ကြာငါးနိုင်သက်နှံးတိုက်ခွဲများမှ မန်နေဂျာများနှင့်ဝန်ထမ်းများ။

ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်ခြင်းခံရသော ကြာငါးနိုင်သက်နှံးတိုက်ကြီး၏ ပိုင်ရှင် စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်ကြီး၏ သိမ်ကျောင်း၊ ရဟန်း၊ ဆွမ်းကွမ်း ဝေယျာဝစ္စ အလှူ့အမကြီး **ဒေါ်နီလာရွှေ** အား သီဟသုဓမ္မသိင်္ဂဟ ဘွဲ့ ချီးမြှင့်ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဝေဠုဝန်ကျောင်းတိုက်ကြီး၏

ဝေဠုဝန်တောင်/မြောက် သံဃာ့ဝေယျာဝစ္စအဖွဲ့များ၊

စမ်းချောင်းမြို့နယ်။

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

သီဟသုဓမ္မမဏိဇောတဓရ အစ်ကိုကြီး ဦးအေးလွင်၏ ဇနီး **ဒေါ်ခင်လေး** အား သာသနာတော်ဆိုင်ရာ **"သီရိသုဓမ္မသင်္ဂဟ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းကို ခံယူရရှိပါသဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းခံအပ်ပါသည်။

ညီ - ဌေးလွင်၊ ညီမ - ကြွယ်ကြွယ်အောင်။

ဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်က ချီးမြှင့်သည့် **လူမှုထူးချွန်(တတိယဆင့်)** ကို မုံရွာမြို့နေ **ဒေါ်အေးအေးသန်း** (မိခင်နှင့်ကလေးစောင့်ရှောက်ရေး တွဲဖက်အတွင်းရေးမှူး) ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

အစ်မကြီး ဒေါ်ဝင်းဝင်းသန်း၊

မောင်နှမများနှင့်

တူ၊ တူမများ ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဆန်ဒေါင်းခေါ်ဆားရ်၏ နိုင်ငံကူးလက်မှတ်နံပါတ်-၈၄၂၆၆၇ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၀၃၇၅၆။**

သိဒ္ဓိတင်ပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် (၁၀)ရပ်ကွက် ၅၁လမ်း အမှတ် ၁၃၇/၁၃၉တွင် တည်ရှိသော စရိဝါရသရာဂျာပေရှုမာလ် ဘုရားကျောင်း မဟာသိဒ္ဓိတင် မင်္ဂလာ ရေစင်သွန်းလောင်းပွဲကို ဇန်နဝါရီ ၂၉ရက် (တနင်္လာနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

(မြန်မာ့အလင်း)

အမည်ပြောင်းလဲခေါ်ပါရန်

အဖ ဦးမြင့်ဆွေ၏ သားဖြစ်သူ အထက(၁)ပုသိမ် နဝမတန်း(င)မှ မောင်ထက်နိုင်ထွန်းအား မောင်သူရထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်သူရထွန်း။

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၈

မင်းဘူးမြို့ နမ္မဒါ ဂေါက်ကွင်း၌ ဇန်နဝါရီ၄ရက်(လွတ်လပ်ရေးနေ့) ညနေ ၃နာရီက ၁၅၅ ကိုက်ကွာဝေးသော ကျင်းအမှတ် ၆တွင် ပါမောက္ခ ဒေါက်တာ ဦးစောဝင်း (ကလေးဆေးပညာဌာန) သည် Ping Zing Iron No (5) တုတ်ဖြင့် Spixon xxi 03 ဘောလုံးကို ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ကစားဖော်များမှာ ပါမောက္ခ ဒေါက်တာဇော်လင်းအောင် (သမားတော်)၊ ဒေါက်တာအောင်ဆန်းဝင်း(မျက်စိ)နှင့် ဦးမြစိန်(ရေအရင်းအမြစ်)တို့ ဖြစ်ကြသည်။

အလားတူ ချောက်မြို့ ဂေါက်အသင်း (ဓီးချိုပင်)တွင် ဇန်နဝါရီ ၇ရက် မွန်းလွဲ ၁၂နာရီခွဲက ဦးသူရဆွေသည် ကစားဖော်များဖြစ်သော ဦးအောင်မိုးမြင့်၊ ဦးညီညီအောင်၊ ဦးဗလတို့နှင့် အတူ ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ်(၁၈)ကို ၁၆၃ ကိုက်အကွာမှ Ultra[illegible]4[illegible] ဘောလုံးကို Iron (5) Henneth Smith တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(က-ပ)

မုဒုံ မြို့မ(၂)ရပ်ကွက် ခေမာလမ်း ကတ္တရာလမ်းသစ်ဖွင့်

မုဒုံ ဇန်နဝါရီ ၁

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက် ပြီးစီးသည့် မုဒုံမြို့ မြို့မ (၂)ရပ်ကွက် ခေမာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ရက် နံနက် ၁၀နာရီက အဆိုပါလမ်း မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ကတ္တရာလမ်းသစ်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လက်ခံယူ

ထို့နောက် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ် အလံများကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်က ပေးအပ်ပြီး အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက လက်ခံရယူသည်။

ဆက်လက်၍ ကတ္တရာလမ်းသစ်ကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်မြင့်၊ မြို့မ(၂)ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးပါလေးတို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့်အဖွဲ့သည် ကတ္တရာ လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။ **(ဝဲပုံ)**

အကုန်အကျခံ

အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၁၄၀၀နှင့် အကျယ် ၁၂ပေ ရှိသည့်လမ်းဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့ ထည့်ဝင်ငွေကျပ် ၄၀၆၀၀၀၀နှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် ၅၁၆၃၀၀၀တို့ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြသည်။

(မြို့နယ်စည်ပင်)

မကွေးမြို့ အောင်မြေကုန်းကျေးရွာ ကျောက်ချော လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၅ရက်က စည်ပင်သာယာရေးဦးစီးဌာနဒုတိယ ညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးကျော်ကွင်းဆင်း စစ်ဆေးရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူး ဦးကျော်စိုးနှင့် အမှုဆောင်အရာရှိ ဦးဇော်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အ မြို့ မြို့ အနယ်နယ် သတင်းများ

ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကျိုက်ထို ဒီဇင်ဘာ ၂၅

ကျိုက်ထိုမြို့နယ် ဇီးပြောင်းကျေးရွာအုပ်စု ဇီးပြောင်း(၁)ကျေးရွာ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ၁၀ရက်က အဆိုပါ အဆောက်အအုံ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်ကြီးဝေလင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စောလင်းနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဦးမျိုးဝင်း တို့က စာကြည့်တိုက်အဆောက်အအုံ သစ်ကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်ကြီးဝေလင်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းက စာကြည့်တိုက် ရှင်သန်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသစာအုပ်၁၀၀၊ ဦးဆန်းထူး ဇမ္ဗူရာဇ်ရွှေသတ္တုလုပ်ငန်းက ငွေကျပ်နှစ်သောင်းနှင့် လစဉ်စာအုပ်ခုနစ်မျိုးတို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့် တာဝန်ရှိသူများက လက်ခံကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဖိုချောင်သုံးပစ္စည်း ဈေးနှုန်းသက်သာစွာရောင်းချ

မူဆယ် ဇန်နဝါရီ ၈

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးဦး ဦးစီး၍ ဇန်နဝါရီ၆ရက်က ဝန်ထမ်းအိမ်ရာ ရုံးသစ်ဝင်းမှ ထွက်ရှိသည့် မီးဖိုချောင်သုံး သီးပင်၊ စားပင်များမှ ရရှိသော ဘူးသီး၊ ချဉ်ပေါင်၊ ငရုတ်သီးများကို ဝန်ထမ်းများအားဖြန့်ဝေပေးပြီး ဝန်ထမ်းတစ်ဦးလျှင် ဆန်ခြောက်ပြည်၊ ဆီတစ်ပိဿာ၊ ဆား၅ဝကျပ်သားနှင့် ကြက်သွန်၅၀ကျပ်သားတို့ကိုဝန်ထမ်း သက်သာဆိုင်က ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု မိုးကုတ် မြသစ္စာလမ်းကတ္တရာလမ်းသစ်ဖွင့်

မိုးကုတ် ဇန်ဝါရီ ၅

(၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးကုတ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့်မြို့မရပ်ကွက် အုပ်စု အရှေ့ဗိုလ်ကုန်းရပ်ကွက် ပြည်သူများ ပူးပေါင်း ဆောင်ရွက်သည့် မြသစ္စာလမ်း အလျား ပေ ၁၅၇၀၊အနံ ၁၀ပေရှိ ကတ္တရာ လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ရက်က ကျင်းပသည်။

မြသစ္စာလမ်းကတ္တရာခင်းခြင်း လုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ပြည်သူထည့်ဝင်ငွေကျပ် ၁၀သိန်း၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကထည့်ဝင်ငွေကျပ် ၃၄ သိန်း ၉ သောင်း စုစုပေါင်းငွေကျပ် ၄၄သိန်း ကိုးသောင်းဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြသစ္စာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ အင်အား ၁၅၀၀ခန့် တက်ရောက်ခဲ့ကြပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဝင်းနိုင်နှင့် လမ်းဖြစ် မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်းတို့က လမ်းသစ်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)

(မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၆

မော်လမြိုင်ကျွန်းမြို့ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးအမှတ် ၁၆ ဖွဲနုဆီစက်တွင် မီးဘေးကြိုတင် ကာကွယ်တားဆီးရေး ဇာတ်တိုက် လေ့ကျင့်ခန်း သရုပ်ပြသပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၁၁နာရီက ဖွဲနုဆီစက်ဝင်း အတွင်း၌ ကျင်းပသည်။

လေ့ကျင့်သရုပ်ပြ

ယင်းမီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက် လေ့ကျင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်ဝင်း၊ မြို့နယ် မီးသတ်ဦးစီးမှူးဦးထွန်းသိန်းနှင့် မီးသတ် တပ်ဖွဲ့ဝင်များ၊ ဖွဲနုဆီစက် စက်ရုံမှူး ဦးထွန်းထွန်းဝင်း၊ တန်တစ်ရာဆန်စက် စက်ရုံမှူး ဦးအောင်မျိုးနှင့် စက်ရုံသီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး မီးဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဇာတ်တိုက် လေ့ကျင့် သရုပ်ပြသကြသည်။ **(အပေါ်ပုံ)**

(ဝ၉၇)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်	
ပြာသိုလပြည့်ကျော် ၈ ရက်	
၁၀-၁-၂၀၀၇ (ဗုဒ္ဓဟူးနေ့)	
နံနက်ပိုင်း	
၀၇း၀၀	တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
နေ့လယ်ပိုင်း	
၁၁း၁၅	နိုင်ငံ့စီးပွားလုပ်ငန်းများ (အဆင့်မြင့်အဆောက်အအုံများနှင့် အလူမီနီယံ လုပ်ငန်းဆက်စပ်မှုများအကြောင်း)
၁၂း၀၀	ယဉ်ကျေးမှုအနုပညာ (အမျိုးသားယဉ်ကျေးမှု-အောင်ပြည့်)
၁၂း၂၅	သူ့အတွေးနှင့် သူ့အရေး (ပြေးပြေးလောလောဘဝမှ ပြောင်းလဲကြစို့-သိန်းလဲ့နွယ်)
၁၂း၃၅	သီချင်းကြီးပဒေသာ (၁) အောင်မြေသာစံပတ်ပျိုး (ရီရီသင်း) (၂) မြိုင်ဟေမာယိုးဒယား (ကိုမြသောင်း)
ညနေပိုင်း	
၁၇း၀၀	ဟောပြောချက် (ဆက်လက်တိုးတက်နေသော မနောမြေ)
၁၇း၁၅	ခံစားနားဆင် မြန်မာတေးသံစဉ် (၁) မောင်မောင်သတ္တိမရှိဘူး (ပန်းအိဖြူ) (၂) ကိုယ့်ချစ်သူနဲ့ဆိုရင်သာ (ကိုချစ်မြိုင်) (၃) နှလုံးသားရွက်ကြွေတော (မေရွက်ဝါ)
၁၇း၃၀	အစာနှင့်အာဟာရ (ကချင်ရိုးရာစားစရာ)
၁၇း၄၅	သူ့လက်သံ (ရန်ကုန်တိုင်းမှ မအိအိမွန်ရဲ့ပတ္တလားလက်သံ)
၁၈း၄၀	စာအုပ်စာပေ လူ့မိတ်ဆွေ (၁) သစ္စာစကား-ဝေမိုး(ကျွန်းလှ) (၂) စာနယ်ဇင်းသတင်းကွန်ရက်နှင့် စာနယ်ဇင်းကွန်ရက်အကြောင်း သိကောင်းစရာ (ဦးကျော်ဇေယျ)
၁၉း၁၅	နှောင်းခေတ်ကြေးမုံဇာတ်လမ်းစုံ (အိမ်ကြီးမာယာ)
၂၀း၂၀	မေတ္တာလက်ဆောင်ရ တေးစီးရီး [မန်းသီရိတေးသံသွင်းမှ မေတ္တာလက်ဆောင် ပေးပို့သည့် ခေတ်သုံးခေတ်၏ ကြယ်ပွင့်များ(၂) တေးစီးရီး]

(၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် နတ်တလင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော သာသနာ့ရိပ်သာလမ်း ကျောက်ချောလမ်းဖွင့်ပွဲကို ဇန်နဝါရီ၁ရက်ကကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးရဲထွန်းနှင့် အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ဖြိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြင်းခြံမြို့ လမ်းသစ်လမ်းနှင့် ဝမ်းစတားလမ်း ဆက်သွယ်သည့် ကိုယ့်အားကိုယ်ကိုးလမ်းကတ္တရာခင်းရန် ဒီဇင်ဘာ ၁၁ရက်က အငယ်တန်း အင်ဂျင်နီယာ-၂ (မြို့ပြ) ဒေါ်ခင်မာလာ တာဝန်ယူဆောင်ရွက်ရာ အမှုဆောင် အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးလေးလွင်နှင့် အင်ဂျင်နီယာမှူးဦးစိုးနိုင်တို့ ကွင်းဆင်း ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိဘနှစ်ပါးအားရည်စူး၍ ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်း တိုက်(၁၀) အခန်း၄လွှာ(ဘီ)မြို့သစ်၂လမ်းနေ ဒေါ်ညွန့်မေ အသက်၈၀ပြည့် အထိမ်းအမှတ် အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင် ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(မွှာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ပဲခူးမြို့နယ်အင်းတကော်စံပြကျေးရွာ သဒ္ဓမ္မအလင်းရောင်ကျောင်းတိုက်အတွင်း တောင်ကိုးလုံးပဓာနနာယကဆရာတော် အရှင်ဇာဂရသည် ဇန်နဝါရီ ၁၂ရက်မှ ဖေဖော်ဝါရီ ၂၅ရက်အထိ ကျောက်ပန်းတောင်း၊ ရေနံချောင်း၊ ချောက်၊ စလေ စသော လှိုင်မဟာစည်နယ်လှည့် တရားစခန်းပွဲများ၊ ဇန်နဝါရီ ၂၉ရက်နှင့် ၃၀ ရက်ညတွင် စစ်ကိုင်းတိုင်း ကနီမြို့နယ် မိုးကောင်းရွာကျောင်း ရေစက်ချပွဲ၊ ဖေဖော်ဝါရီ ၂၆ရက်မှ ၂၈ရက်ညအထိ ဝေါမြို့နယ်အောက်ကွေ့ကြီးရွာတရားပွဲ၊ မတ် ၄ ရက်မှ ၈ ရက်အထိ ယင်းမာပင်မြို့နယ်နိဗ္ဗူတောရွာတို့တွင်နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အဖ ဦးစိုးသွေး- အမိ ဒေါ်မြရီတို့ကို အမှူးထား၍ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့် ကန်တော်ကလေး ၉၃ လမ်း အမှတ် (၅၈) နေ လွှန်းထားထား(ဆေးတက္ကသိုလ်) နှင့် မောင်နမတစ်စုတို့က ဒဂုံမြို့နယ်အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားကို နာယူပြီး တိ=နိ(ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျိုက်သုတ်စေတီပရိဝုဏ် ပြုပြင်ရန်လှူဒါန်းနိုင်

မော်လမြိုင် ဒီဇင်ဘာ ၂၉

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ သမိုင်းဝင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပါဝင်လှူဒါန်းလိုသူများသည် ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၃၁၁၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော် ဖုန်း-၀၅၇-၂၅၅၉၂နှင့် ဘဏ္ဍာတော်ထိန်းအဖွဲ့ အတွင်းရေးမှူး ဦးမျိုးခိုင် ဖုန်း-၀၅၇-၂၄၆၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၆၈)**

တပ်မတော် အခြေခံ ပညာ အ ထက် တန်းကျောင်း(ဗထူး)၏ ၂၀၀၅ - ၂၀၀၆ ပညာသင်နှစ် မိဘ ဆရာ အသင်း နှစ် ပတ် လည် အစည်း အဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၂ရက်က အဆိုပါကျောင်း၌ ကျင်းပရာ နယ်မြေခံ တပ် နယ် မှ ဗိုလ်မှူးချုပ် စိုးဝင်းက ရူပဗေဒ ဘာသာ ဂုဏ်ထူးရှင်မစုလှိုင်ထွန်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

သုံးခွမြို့ သီတာလမ်း ဂဝံလမ်းသစ်ဖွင့်

သုံးခွ ဇန်နဝါရီ ၇

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ပြီးစီးသော သီတာလမ်း ဂဝံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်က အဆိုပါလမ်းတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်

အခမ်းအနားသို့ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်၊ အမှုဆောင်အရာရှိ ဦးသန်းဌေးတို့က သီတာလမ်း ဂဝံလမ်းသစ်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ သီတာလမ်း ဂဝံလမ်းသစ် အရှည်မှာ ပေ ၁၈၀၀၊အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

အိုင်အိုဒင်းဆားသုံးစွဲမှု ပုလောမြို့၌ဆွေးနွေး

ပုလော ဇန်နဝါရီ ၁

ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်လွင်နှင့် အဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေး ဦးစီးဌာနဝန်ထမ်းများသည် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့်အတူ အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုအဖြစ် ဒီဇင်ဘာ ၄ ရက်က ပုလောမြို့ရှိ စားသောက်ဆိုင်များ၊ ဆားဖြန့်ဖြူးရောင်းချသည့် ဆိုင်များတွင် အိုင်အိုဒင်းဆားသုံးစွဲနိုင်မှုနှင့် အိုင်အိုဒင်းဆားရောင်းချနေမှုကိုစစ်ဆေးခဲ့ပြီး အိုင်အိုဒင်းဆားများကို အဓိကထား သုံးစွဲရောင်းချနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့အဝင်လမ်းမကြီး တစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးဝင်းလှိုင် ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရောဝတီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေး ဒီဇင်ဘာ ၁၇ရက်က ငွေဆောင်မြို့ သလပ်ခွာကျေးရွာ၊ အလယ်ကျေးရွာနှင့် မဒေါ့ကုန်းကျေးရွာများရှိ ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ အမှာစကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

သနပ်ပင်မြို့ အထက အာစရိယပူဇော်ပွဲ အမှုဆောင်အသစ်များ ပြန်လည်ရွေးချယ်မည်

သနပ်ပင် ဇန်နဝါရီ ၃

ပဲခူးတိုင်း သနပ်ပင်မြို့နယ် အထက၏(၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၄ရက် (တနင်္ဂနွေနေ့)က ဆရာ၊ ဆရာမတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၆၀၀၀၀၀ လှူဒါန်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ (၁၆)ကြိမ်မြောက် အထက (သနပ်ပင်) အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ အမှုဆောင်အသစ်များ ဖွဲ့စည်းမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ၏ ကျန်းမာရေး စောင့်ရှောက်မှု ရန်ပုံငွေပဒေသာပင်အတွက် ဆွေးနွေးညှိနှိုင်းမည့် အခမ်းအနားကို ဇန်နဝါရီ ၁၄ရက် မွန်းတည့်၁၂နာရီတွင် သနပ်ပင်မြို့ အထက၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ထို့အပြင် ဇန်နဝါရီ ၁၃ရက်မတိုင်မီ အကြံပြုလွှာများ၊ အဆိုပြုလွှာများ၊ သိရှိလိုသည့် အချက်များကို စုံစမ်းမေးမြန်းပေးပို့လိုပါက ဦးကျော်ညွန့် ဖုန်း- ၀၅၂-၄၆၁၇၁၊ ဦးမိုး ဖုန်း- ၀၅၂-၄၆၁၇၈၊ ဒေါ်ဝင်းသိန်း ဖုန်း- ၀၅၂- ၄၆၁၃၉၊ ၄၆၁၄၁နှင့် ဦးကျော်စိုးမင်း ဖုန်း- ၀၅၂-၄၆၀၂၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆောင်ရွက်ရမည့် နည်းလမ်းများရှင်းလင်း

လယ်ဝေး ဒီဇင်ဘာ ၂၅

မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းသည် ဒီဇင်ဘာ၈ရက်က မြို့နယ်ဦးစီးမှူး ဦးခင်မောင်မြင့်နှင့် ဝန်ထမ်းများလိုက်ပါလျက် လယ်ဝေးမြို့နယ် အတွင်းရှိ မြွေရိုးလေးစံပြကျေးရွာရှိ လူငယ်အားမာန်ကျေးရွာစာကြည့်တိုက်၊ စံဝါအောင်ပတ္တာစံပြကျေးရွာနှင့် ပုရစ်ဖူးကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာကြည့်တိုက်ငွေပဒေသာပင်များ စိုက်ထူရေး၊ ကျေးလက်နေပြည်သူများနှင့် စေတနာရှင်ပြည်သူများက ဝိုင်းဝန်းပါဝင်ဆောင်ရွက်လာအောင် စည်းရုံးဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

အိုင်အိုဒင်းဆားရောင်းချမှု ကွင်းဆင်းစစ်ဆေး

ပလောက် ဒီဇင်ဘာ ၂၈

မြိတ်ခရိုင် ပလောက်မြို့ စည်ပင်သာယာဈေးအတွင်း ရောင်းချလျက်ရှိသော ဆားများတွင် အိုင်အိုဒင်းဆားပါဝင်မှု ပြည့်မီခြင်းရှိ၊ မရှိကို ဒီဇင်ဘာ ၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးမျိုးဝင်းလှိုင်နှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေမြင့်နှင့်အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုပေါင်း၍ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြကြောင်းသိရသည်။ **(အောက်ပုံ) (မြို့နယ်စည်ပင်)**

9-1 (16) 1 3/24/1905, 10:47 PM

နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၄၁၁သန်းခန့် ထုတ်လုပ်နိုင်မည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း သတ်မှတ်ချိန်ပြီးစီးရေး အားသွန်ခွန်စိုက်ကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၈

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအောင်ကိုးရွှေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပျဉ်းမနားမြို့အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး ရေလွှဲဥမင်လိုဏ်(အထွက်) ဖောက်လုပ်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်လိုဏ်(အဝင်ပိုင်း) မြေကြီးကျောက်သားတူးဖော်ခြင်းလုပ်ငန်း၊ တမံဝဲယာ မြေကြီးကျောက်သားတူးဖော်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၁)တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးတင့်လွင်က ပင်မတမံ အတည်ပြုနေရာ ရွေးချယ်ထားရှိမှု၊ ရေလွှဲဥမင်(အထွက်) ဖောက်လုပ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ အစီအစဉ်၊ တမံအောက်ခြေမြေကြီး ကျောက်သားတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် *စာမျက်နှာ ၆ ကော်လံ ၅* ✱

ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့်ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

အသက်ကယ်ပညာ သင်ကြား

တာမွေမြို့နယ် မီးသတ်ဦးစီးမှူး ရဲသူရိန် ဦးသိန်းမြင့် အမျိုးသမီး အသက်ကယ် မီးသတ်တပ်ဖွဲ့ဝင်များကို ဤသို့စနစ်တကျ အသက်ကယ်ပညာကို သင်ကြားပေးခဲ့သည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

အမျိုးသမီး အသက်ကယ် မီးသတ်တပ်ဖွဲ့ဝင်များ ပြည်သူ့အတွက် စွန့်လွှတ်စွန့်စားရန် အသင့်ရှိနေ

သတင်းမြင်ကွင်း
မြင့်မောင်စိုး
ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၈

မီးဘေးအန္တရာယ်သည် နှစ်စဉ်နှစ်တိုင်း ကြုံတွေ့ရသည့် ဘေးအန္တရာယ် ဖြစ်သည်။ တိုးတက်ပြောင်းလဲလာသော စီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာခြင်းနှင့်အတူ မီးလောင်မှုများ ပို၍များပြားလာတတ်သကဲ့သို့ မီးလောင်မှုပုံစံများမှာလည်း ဆန်းပြားလာသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း ငါးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး မွေးမြူရေးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်သင့်သည်များ ဆွေးနွေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာသို့ရောက်ရှိပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက မတည်လှူဒါန်းသည့် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ခွဲ သာသနာ့ဇောတိက မစိုးရိမ်တိုက်သစ်ဘုန်းကြီးကျောင်း ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကွမ်းမိုးဒိန်းဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဘုန်းကြီးကျောင်းအတွင်းပိုင်းဆောက်လုပ်နေမှုနှင့် သိမ်ဆောက်လုပ်ရန် မြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကွမ်းမိုးဒိန်းစံပြကျေးရွာ အခြေခံပညာ *စာမျက်နှာ ၉ ကော်လံ ၅* ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

9-1 (20) 1 3/24/1905, 10:47 PM